မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လွတ်လပ်ရေးကိုမြတ်နိုးသောစိတ်ဓာတ်

မြန်မာ့သမိုင်းစဉ်တစ်လျှောက်၌ မြန်မာနိုင်ငံသားတို့၏ လွတ်လပ်ရေးကို မြတ်နိုးသော စိတ်ဓာတ်သာမက လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်သော စိတ်ဓာတ်တို့မှာ ခိုင်မာထင်ရှားခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ကူးလူးယှက်နွယ်၊ ကွန်ရက်သဖွယ်၊ ပြည်သူ့အကျိုး၊ သယ်ပိုးကြိုးစား မြန်မာ့မီးရထား

နေပြည်တော် ဒီဇင်ဘာ ၂၈

ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အရေးပါသောကဏ္ဍတွင် ရှိနေသည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများဖြင့် တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာရာတွင်လည်းကောင်း၊ စားဝတ်နေရေးအတွက် လိုအပ်သည့် ကုန်စည်များ စီးဆင်းမှုမှန်ကန်ပြီး ကုန်ဈေးနှုန်းထိန်းသိမ်းနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန် ကြီးထွားစေရန်တို့အတွက်လည်းကောင်း လမ်းပန်းဆက်သွယ်မှု ကွန်ရက်များ ကောင်းမွန်စေရေးမှာ များစွာအရေးပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကျယ်ပြန့်စွာ ပျံ့နှံ့နေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ကူးလူးဆက်ဆံကာ ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရေးအတွက်လည်း အဓိကအထောက်အကူပြုလျက်ရှိသည်။

ဖြည့်စွမ်းပေး

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုတစ်ဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်မှု ကွန်ရက်များကို နိုင်ငံအနှံ့ ကြိုးပမ်းတည်ဆောက်လျက်ရှိရာ မြန်မာ့မီးရထားအနေဖြင့်လည်း ပြည်နယ်နှင့်တိုင်းအားလုံး၌ ရထားလမ်းများ ဖောက်လုပ်နိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပေသည်။ ထို့အပြင် ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ အနီးဆုံးနှင့် အမြန်ဆုံး သွားလာနိုင်စေရေးအတွက် လက်ရှိတည်ရှိနေသည့် တောင်နှင့်မြောက်ရထားလမ်းများကို အရှေ့နှင့်အနောက် ရထားလမ်းများဖြင့် ဆက်စပ်၍ ကွန်ရက်သဖွယ် ယှက်နွယ်ဖောက်လုပ်လျက်ရှိရာ ပြည်သူတို့၏ လိုလားချက်များကို ပိုမိုထိရောက်စွာ ဖြည့်စွမ်းပေးနိုင်တော့မည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ *

ပြည်ထောင်စုရထားလမ်းကွန်ရက်

ပြည်ထောင်စုရထားလမ်းကွန်ရက်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ဧရာဝတီအနောက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေမည့် ကံမ-သရက် ရထားလမ်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

သတင်းဆောင်းပါး	- အောင် (သရေခေတ္တရာ)
ဓာတ်ပုံမှတ်တမ်း	- မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	- မာမာစိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၉ရက်)

ခေတ်မီဆေးပညာရပ်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူး စေတနာအရင်းခံထား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။ အဆင့်မြင့်ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေး ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများကိုလည်း ဖြည့်ဆည်းပေးလျက် ရှိသည်။

ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်များနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကို နိုင်ငံတစ်ဝန်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ကာလတွင် မြန်မာ့ဆေးပညာ စွမ်းပကား မြင့်မားတိုးတက်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ဆေးပညာသမိုင်းတွင် မှတ်တမ်းတင်နိုင်မည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်မှုတစ်ရပ်ကို ဒီဇင်ဘာလ ၂၅ရက်နေ့က ဒုတိယအကြိမ် စွမ်းဆောင်နိုင်ခဲ့သည်။

ယခင်က အသည်းအစားထိုး ခွဲစိတ်ကုသမှုမှာ သေဆုံးသူထံမှ အသည်းဖြင့် အစားထိုးကုသပေးနိုင်ခဲ့ပြီး ယခုအကြိမ်တွင် သက်ရှိအသည်းအလှူရှင်ထံမှအသည်းကို ခွဲစိတ်အသုံးပြုအစားထိုး၍ ကုသပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒုတိယအကြိမ် အသည်းအစားထိုးကုသမှုလုပ်ငန်းကို ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ စတင်ပြုလုပ်ခဲ့ရာ ခွဲစိတ်ပါမောက္ခဆရာဝန်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ သူနာပြုများပါဝင်သောအဖွဲ့က အသည်းအလှူရှင်ထံမှ အသည်းတစ်ဝက်ကို ထုတ်ယူနိုင်ခဲ့သည်။ ထုတ်ယူခဲ့သော အသည်းကို မပျက်စီးရန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က စောင့်ရှောက်ထားရှိခဲ့ပြီး ဒီဇင်ဘာလ ၂၅ရက်နေ့တွင် အသည်းအစားထိုး ခွဲစိတ်တပ်ဆင် ကုသမှုပြီးစီးခဲ့သည်။

ယင်းအသည်းအစားထိုး ကုသပေးရာတွင် နိုင်ငံတော်က အခမဲ့ပံ့ပိုးပေးခဲ့ခြင်း ဖြစ်သည်။

ကျန်းမာရေးနယ်ပယ်အပါအဝင် သိပ္ပံနှင့်ဝိဇ္ဇာပညာရပ်နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အတတ်ပညာရှင်များ၏ စွမ်းပကားသည် အခြေခံကျပေသည်။ ထို့ပြင် ထိုအတတ်ပညာရှင်များ၏ စေတနာအရင်းခံသည်လည်း အဓိကကျပေသည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်း ကျွမ်းကျင်သောပါရဂူများ၊ ဆရာဝန်ကြီးများရှိနေခြင်းသည် မြန်မာနိုင်ငံ ဆေးပညာ အဆင့်အတန်းမြင့်မားမှုကို ဖော်ညွှန်း ပြသလျက်ရှိသည်။

ဆေးပညာရပ်များ အဆင့်မြင့်မားလာသည့်အလျောက် ဆေးပညာရှင်များအနေဖြင့် လက်တွေ့ဘဝတွင် ကြုံတွေ့ရရှိသော အတွေ့အကြုံနှင့် လေ့လာရရှိသော ပညာရပ်များကို စေတနာနှင့်ပေါင်းစပ်၍ အကျိုးရှိစွာ အသုံးချခြင်းဖြင့် တိုင်းရင်းသားပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ယခုထက် ပိုမိုတိုးမြှင့် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၉-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လျှပ်တစ်ပြက်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၃၄)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅)

ရာဇူဒိုင်တံတား အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် မအူပင်မြို့ရှိ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူးက မအူပင်ခရိုင်အတွင်းရှိ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ခရိုင်အတွင်းရှိ လမ်းများကို ယခင်ရှိရင်း လမ်းများထက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ရှင်းလင်း

ဆက်လက်၍ ဝန်ကြီးသည် ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးက တံတားဘိုးပိုင်တူးခြင်းလုပ်ငန်း၊ တံတားသံပေါင်ရက်မတင်ခြင်းလုပ်ငန်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှင်းလင်းဆောင်မှ ရေလယ်တိုင်(P3)၌ ဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းဘက်ကမ်း၌ (P10) ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် သံပေါင်ရက်မများ တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရာဇူဒိုင်တံတားအမှတ်(၁) တစ်လမ်းသွား သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည် ၁၉၅၅ပေ ကိုးလက်မ၊ ချဉ်းကပ်တံတားမှာ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ပေ ၇၈၀ ခြောက်လက်မရှိပြီး ကျိုက်ပိဘက်ကမ်း၌ ၁၇၇ပေ ခြောက်လက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ ၂၀ တစ်လမ်းသွားဖြစ်၍ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေသုံးလက်မစီရှိပြီး ခွင့်ပြုအလေးချိန် ယာဉ်တစ်စီးချင်း တန် ၆၀ဖြစ်ကြောင်း သိရှိရသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် ရာဇူဒိုင်တံတားအမှတ်(၁)နှင့် အမှတ်(၂)တို့အား ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းအခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ရာဇူဒိုင်တံတားအမှတ်(၂)၌ တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားတစ်လျှောက် ကတ္တရာလမ်းခင်းပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အဖွဲ့နှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရန် လုပ်ငန်းအပိုင်းအလိုက် နေ့ည အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်ခရိုင်အတွင်း စာကြည့်တိုက်များ တည်ဆောက်

ကျောက်ဆည် ဒီဇင်ဘာ ၂၈

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမင်းဆွေနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်နှင့် ဝန်ထမ်းများ နိုဝင်ဘာစရက်က နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်လျက်ရှိသော သာလွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ထိုသို့ ကွင်းဆင်း စစ်ဆေးရာတွင် မြို့နယ် ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးလှခိုင်နှင့် ရပ်မိရပ်ဖ ဦးမြသောင်းတို့က စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မှုအခြေအနေနှင့် ပစ္စည်းများ စုဆောင်းထားရှိမှုကို လိုက်လံ ရှင်းလင်းတင်ပြကြသည်။

လှူဒါန်း

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ကူမဲကျေးရွာစာကြည့်တိုက် ဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေက မေးမြန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတို့က ရှင်းလင်းတင်ပြကြသည်။ အဆိုပါ ကူမဲကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ကျောက်ဆည်မြို့နေ ဦးမျိုးသန့် (ကေသီဦး) မိသားစုက မတည်ငွေကျပ် ၁၀သိန်းလှူဒါန်းထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ ဆက်)**

ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်း

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းကျေးရွာအုပ်စု တဲ့တဲ့ကူး ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် Plan နှင့် BAJ မှ လှူဒါန်းဆောက်လုပ်ပေးသော ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၃ရက် နံနက် ၈နာရီခွဲက တဲ့တဲ့ကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် လက်ထောက်မြို့နယ် ပညာရေးမှူးဦးမောင်ကောင်းက အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှစ်ခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ကျောင်းသုံး ပရိဘောဂများနှင့် အားကစားပစ္စည်းဆောင်ရွက်မှု မှတ်တမ်းစီဒီအား ဘီအေဂျေစီမံကိန်း မန်နေဂျာ ဦးအေးကိုဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြေဦးခိုင်သို့ လွှဲပြောင်းပေးအပ်သည်။ *(၁၄၂)*

အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၈

နိုင်ငံတော်အစိုးရကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိထုတ်ဝေရောင်းချနေသော သုံးနှစ်နှင့် ငါးနှစ် အစိုးရငွေတိုက်စာချုပ်များအပြင် နှစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ စတင်၍ ထပ်မံတိုးချဲ့ထုတ်ဝေရောင်းချမည်ဖြစ်ရာ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

အစိုးရငွေတိုက်စာချုပ် အမျိုးအစားများနှင့် အတိုးနှုန်းများမှာ သက်တမ်း နှစ်နှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၀ ဒသမ ၅ရာခိုင်နှုန်း၊ သက်တမ်း သုံးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၀၀ရာခိုင်နှုန်းနှင့် သက်တမ်း ငါးနှစ်တွင် ငွေကျပ် တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ ၁၀သန်းအတွက် အတိုးနှုန်း ၁၁ဒသမ ၅ရာခိုင်နှုန်းဖြစ်သည်။

အတိုးငွေများကို နှစ်ဝက်တစ်ကြိမ် ထုတ်ပေးမည်ဖြစ်ပြီး နှစ်စဉ် မတ် ၁၅ရက်နှင့် စက်တင်ဘာ ၁၅ရက်တို့တွင် ထုတ်ယူနိုင်သည်။ ထို့အပြင် စာချုပ်များကို လွှဲပြောင်းရောင်းချခွင့်ရှိသည်။

အစိုးရငွေတိုက်စာချုပ်များကို နေပြည်တော်၌ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) (နေပြည်တော်) ဘဏ်များဇုန် မြတ်ပန်းသဇင်လမ်းတွင်လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အမှတ် (၂၁/၂၅) ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄)တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ (၂)၊ (၃)တို့တွင်လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

သတင်းစာပုံနှိပ် အရည်အသွေး ပိုမိုမြင့်မားရေး အထူးဂရုပြုစီမံ ပုံနှိပ်စက်များကြံ့ခိုင်ရေး အစဉ်ထိန်းသိမ်း၍ မပြတ်ပြုပြင် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိပြီး စာတည်းဌာန၊ ကွန်ပျူတာဌာန၊ စာပြင်ခန်း၊ စီမံရေးရာဌာန၊ ငွေစာရင်းဌာနနှင့် ပုံနှိပ်စက်ခန်းအတွင်း ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုပွဲပိုးငွေများကို ပေးအပ်သည်။

ဂုဏ်ပြုပွဲပိုးငွေပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သို့ရောက်ရှိပြီး ကွန်ပျူတာခန်း၊ Imagesetter ခန်း၊ ပုံနှိပ်စက်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုပွဲပိုးငွေများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ကြေးမုံသတင်းစာ ရိုက်နှိပ်ထုတ်ဝေသော မြန်မာ့အလင်း ပုံနှိပ်တိုက်သို့ရောက်ရှိ၍ ပုံနှိပ်စက်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဝန်ထမ်းများအတွက် ဂုဏ်ပြုပွဲပိုးငွေများကို ပေးအပ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးက သတင်းစာပုံနှိပ် အရည်အသွေးပိုမိုမြင့်မားရေးအတွက် အထူးဂရုပြုစီမံဆောင်ရွက်ရေး၊ သတင်းစာစက္ကူနှင့် လုပ်ငန်းသုံးပစ္စည်းများ အလေအလွင့် မရှိစေရေး၊ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးကို အစဉ်ထိန်းသိမ်း၍ မပြတ်ပြုပြင်ဆောင်ရွက်ရေး၊ ဝန်ထမ်းအားလုံး၏ သက်သာချောင်ချိရေးကို အထူးအလေးထား စီမံဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး ဌာနများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက်ခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဒါနစွမ်းအား နိဗ္ဗာန်သွား** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၁)
၈:၃၀ Sports World (Swimming)(Part-2)
၈:၅၅ တောင်သုံးလုံးဇေတဝန် ပရိယတ္တိစာသင်တိုက် သာသနာ့နယ်မြေ
၉:၀၅ ကျောက်ကပ် အစားထိုးခြင်း
၉:၃၀ Sunday Talk
၁၀:၂၅ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၁၀:၄၅ ကမ္ဘာ့ပည်းတွင် ကျန်ရစ်မည့် ရွှေမေတ္တာ၏ အာယုဒါနအလှူ
၁၁:၀၀ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားဖူး ခရီးသွားမှတ်တမ်း(အပိုင်း-၁)
၁၁:၁၅ Cartoon Show Time (IGOR)
၁၁:၅၅ ဖြစ်ရပ်မှန် လူကုန်ကူးမှုမှတ်တမ်းနှင့် မိတ်ဆက်ခြင်း
၁၂:၂၀ The 8th Myanmar ICT WEEK 2009
၁၂:၄၅ တောင်သုံးလုံး ဇေတဝန်ပရိယတ္တိစာသင်တိုက် သာသနာ့နယ်မြေ
၁:၀၀ **ဒါနစွမ်းအား နိဗ္ဗာန်သွား** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival Chatrium Dream Wedding(4)
၃:၃၀ ဖြစ်ရပ်မှန် လူကုန်ကူးမှုမှတ်တမ်းနှင့် မိတ်ဆက်ခြင်း
၃:၅၅ ကျောက်ကပ်အစားထိုးခြင်း
၄:၂၀ World of Knowledge (The Megafalls of Iguacu)
၅:၁၅ ကမ္ဘာ့ပည်းတွင် ကျန်ရစ်မည့် ရွှေမေတ္တာ၏ အာယုဒါနအလှူ
၅:၃၅ Celebrity Style (အဆိုတော်ဂျင်းနီနှင့် တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 သတင်း
၆:၂၀ Cartoon Show Time (IGOR)
၇:၀၀ Fashion Music Festival Chatrium Dream Wedding(4)
၇:၄၀ ရန်ကုန်မြင်ကွင်းကျယ် (7 Picture Wedding Dress & Photo Studio မိတ်ဆက်ပွဲ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ The 8th Myanmar ICT WEEK 2009
၉:၀၅ Celebrity Style (အဆိုတော်ဂျင်းနီနှင့် တွေ့ဆုံခြင်း)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၄၁)
၁၀:၀၀ သင်ကြားရေးလမ်းညွှန် [အောင်ချမ်းသာ(ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း)]
၁၀:၁၅ သွေးချင်းတို့ဆီ အရောက်သွားမည်
၁၀:၂၅ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၁၀:၃၅ သမိုင်းဝင် ရှင်ကိုးရှင်
၁၀:၅၀ ရန်ကုန်မြင်ကွင်းကျယ် (7 Picture Wedding Dress & Photo Studio မိတ်ဆက်ပွဲ)
၁၁:၀၅ **အလျော်အစား** ဇင်ပိုင်၊ ငွေစင်သွန်း၊ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၁:၂၀ အကျိုးပြု အဏုဇီဝပိုး Effective Microorganism
၁၁:၃၀ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၁:၄၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Aston Villa-Liverpool	ESPN (Live)
၂:၂၅	Bolton- Hull City	STAR SPORTS (Live)
၂:၂၅	Bolton- Hull City	MRTV-4 (Live)

ယခုအပတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၉၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ အာဗူဒါဘီတွင် ဖွင့်လှစ်မည့် အပန်းဖြေစခန်းအတွက် မြန်မာလုပ်သား ၂၀၀ ကျော် ခေါ်ယူမည်၊ လာမည့်နှစ်တွင် နိုင်ငံတကာဖိတ်ခေါ် ကားမောင်းပြိုင်ပွဲများကျင်းပမည်၊ ရန်ကုန်ပြင်ပရှိ မှတ်ပုံတင်မဲ့ ဆိုင်ကယ်များကို မှတ်ပုံတင်ရက်တိုးမြှင့်မည်၊ ထိုင်းသို့ သွားရောက်လုပ်ကိုင်လိုသူ ပိုများလာ၊ EU နိုင်ငံများသို့ မြန်မာ့ဆန် တိုးချဲ့တင်ပို့မည်၊ ပုဂ္ဂလိကပိုင်ကွန်ပျူတာသိပ္ပံ ရန်ကုန်တွင် စတင်ဖွင့်လှစ်၊ ပထမအကြိမ် Miss Tourism ရွေးပွဲကျင်းပမည်၊ FM လိုင်း ငါးလိုင်းမှ တေးသီချင်းထုတ်လွှင့်မှုအတွက် အနုပညာကြေးပေးမည်၊ ဟာသသရုပ်ဆောင် ရဲဒိုးကွယ်လွန်၊ ခိုင်ရွှန်းလဲ့ရည်အားရည်စူး၍ မိဘများက ငွေကျပ်သိန်း ၂၀၀ကျော် လှူဒါန်း၊ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းကို တောင်ကြီးတွင် ထပ်မံဖွင့်မည်၊ မြန်မာနိုင်ငံ၏ အကျဉ်းထောင်ဝင်းအတွင်း ပထမဆုံးတည်ဆောက်ထားသော ကဇာတ်ရုံကြီးဖွင့်မည်၊ လွတ်လပ်သွားပြီဖြစ်သည့် ခိုင်နှင်းဝေ ပြောပြသောသူ၏အိမ်ထောင်ရေး၊ မြန်မာနိုင်ငံ၌ သက်ရှိအလှူရှင်ထံမှ အသည်းဖြင့်ပထမဆုံးအစားထိုးခွဲစိတ်ကုသ၊ တော်ဝင်မင်းသားဝီလျံ အိမ်ခြေ ရာခြေမဲ့တစ်ဦးအဖြစ် နေထိုင်ပြခဲ့၊ ရာစုနှစ်တစ်ခုအတွင်း လိင်ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးများ စာရင်းထုတ်ပြန်၊ တကယ့်စူပါမင်းက ကားတစ်စီးလုံးကိုမပြီး ခြောက်နှစ်သမီးလေးကိုကယ်ခဲ့၊ နှလုံးခုန်ရပ်ကာ သေဆုံးသွားသည့် ၇၃ နှစ် အရွယ် အဘွားအိုတစ်ဦး မိနစ် ၃၀ကြာပြီးနောက် အသက်ပြန်ရှင်လာ၊ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာ့အချမ်းသာဆုံးသူကြွယ် ၁၀ဦး၊ အယ်လ်ကေဒါတို့၏ လုပ်ကြံမှုခံရရန် မိနစ်ပိုင်းအလို၌ ဘီလ်ကလင်တန် လွတ်မြောက်သွားခဲ့၊ ပျောက်ဆုံးနေသော အိုစမာဘင်လာဒင်၏ မိသားစုသည် အီရန်နိုင်ငံ၌ နေထိုင်ကြောင်းသိရ၊ ဆယ်စုနှစ်အတွင်း မီဒီယာများ၌ အကျော်ကြားဆုံးမှာ မက်ဒေါနားဖြစ်၊ အမေရိကန်လေယာဉ်ပေါ်၌ မီးရှို့ဖောက်ခွဲရန်ကြံစည်သူ အယ်လ်ကေးဒါး တစ်ဦးကို ဖမ်းမိ၊ ခရစ္စမတ်ညနေဆုတောင်းပွဲ၌ ပုပ်ရဟန်းမင်းကြီးအား အမျိုးသမီး တစ်ဦးက ရန်ပြုခဲ့၊ ခါးတွင် ဒိုင်းနမိုက်များပတ်၍ ဖောက်ခွဲမည်ဟု ခြိမ်းခြောက်သူအား ဖမ်းဆီးရာ ဝက်အူချောင်းများသာဖြစ်နေ၊ ပွဲကစားနေစဉ် ကွင်းလယ်ဒိုင်လူကြီး ဘောလုံးထိမှန်ကာ မေ့မြောသွားခဲ့၊ မလေးရှားလေတပ် ဂျက်တိုက်လေယာဉ်နှစ်စင်းမှ အင်ဂျင်များ အခိုးခံရ၊ ကမ္ဘာ့အမြန်ဆုံးရထားလမ်း တရုတ်တွင်ဖွင့်လှစ်၊ ဘီးတပ်ကုလားထိုင်နှင့် ခြေထောက်တစ်ဖက်တည်းရှိသည့် သေနတ်သမားက စာတိုက်ကို ကိုးနာရီကြာ သိမ်းပိုက်ထားခဲ့၊ တောင်ကိုရီးယား၏ (H1N1) ဒီပလိုမေစီ၊ အင်္ဂါဂြိုဟ်သို့ မျောက်များစေလွှတ်မည်စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် (အဖိတ်နေ့)

၂၉-၁၂-၂၀၀၉(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၅ ၈။ **အားနာတယ်**
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနှယ်ဉ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရုက္ခဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ ဧရာဝတီ၏အား ကျွန်းကုန်းတံတား
၅:၁၀ ၈။ တေးဂီတအစီအစဉ်
၅:၂၀ ၉။ **အသက်ကလေးရယ်တဲ့ ရှည်စေလို**
၅:၃၅ ၁၀။ ရင်မှာစွဲထင် တေးအလှသံစဉ်
၅:၄၅ ၁၁။ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ ဆိုလိုက်ကြစို့
၆:၅၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၂၁)
၇:၄၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရည်ကြာ ခိုင်မာစေမှုဒို့ရေးရှု
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၁၂)
၂၁။ အစီအစဉ်ပြီး၏။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၃၀-၁၂-၂၀၀၉

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၂၀) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၅၆) တေးပဒေသာ
၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (နှင်းပွင့်လေးများနှင့်အပြိုင်)
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကော်ရည်ခေါက်ဆွဲ)
၁၇:၁၀ Current Song(4)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၃၀)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (လွတ်လပ်ခြင်းရဲ့အရသာ)
၁၈:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ပုညခင်)
၁၉:၃၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀:၂၀ တေးပဒေသာ
၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်ကြက်သွန်နီ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ

ဂျပန်နိုင်ငံ တိုကျိုမြို့ မြောက်ဘက် မီရာရှီးရိုးမြို့ စက်ရုပ်ပြပွဲ၌ နီပွန်နည်းပညာဌာနမှ ကျောင်းသားများ လေ့လာကြည့်ရှုနေသည်ကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပင်လယ်နက်၌ ကမ်းလွန်ရေနံနှင့်ဓာတ်ငွေ့ ယူကရိန်းတူးဖော်မည်

ကိယက်ဗ် ဒီဇင်ဘာ ၂၈

ယူကရိန်းနိုင်ငံသည် ပင်လယ်နက်ဒေသ၌ ၂၀၁၀ခုနှစ်မှစ၍ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများ တူးဖော်သွားမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ်က ပြောကြားသည်။

ယူကရိန်းနိုင်ငံအတွက် နှစ်ပေါင်း ၁၅၀ကြာ ထုတ်ယူနိုင်မည့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များရှိနေကြောင်း၊ မိမိတို့အနေဖြင့် အစိုးရရန်ပုံငွေအား အကြီးစားတူးဖော်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ယူလီယာတိုင်မိုရှင်ကိုက ဒီဇင်ဘာ ၂၆ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ရေနံသိုက်များသည် နိုင်ငံပိုင်ပစ္စည်းများဖြစ်ကြောင်း၊ အကျင့်ပျက်ခြစားသည့်အုပ်စုများ အတွက် မဟုတ်ကြောင်းလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

စီစဉ်

ယူကရိန်းအစိုးရသည် အမေရိကန်ရေနံကုမ္ပဏီ ဗင်ကိုနှင့် ပူးပေါင်း၍ ကက်စထရိတ်အနီး ပင်လယ်နက်ကမ်းဦးရေတိမ်ပိုင်းတွင် ထိုရေနံနှင့်သဘာဝဓာတ်ငွေ့များ တူးဖော်သွားရန် စောစောပိုင်းကစ၍ စီစဉ်ခဲ့သည်ဟု ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စစ်သွေးကြွ ခေါင်းဆောင်တစ်ဦး အီရတ်မြောက်ပိုင်း၌ ဖမ်းဆီးရမိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း နိုင်ဖေးပြည်နယ်တွင် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသူ စစ်သွေးကြွတိုက်ခိုက်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့် မိုဟာမက်အယ်လ်ဂျာဘူရီအား အီရတ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

အလိုရှိ

မိုဆူးလ်နှင့် ကယ်ကွတ်မြို့တို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ၊ ရာဇဝတ်မှုများ ကျူးလွန်သည့်အတွက် မိုဟာမက်အယ်လ်ဂျာဘူရီအား အာဏာပိုင်များက အလိုရှိနေသည်။ **(အင်တာနက်)**

အိန္ဒိယ၌ A(H1N1)ရောဂါ ကာကွယ်ဆေးထုတ်လုပ်မည်

နယူးဒေလီ ဒီဇင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၌ လာမည့်နှစ် ဧပြီလပထမပတ် A(H1N1)တုပ်ကွေးရောဂါ ကာကွယ်ဆေးများ စမ်းသပ်ထုတ်လုပ်မည်ဖြစ်ပြီး ၎င်းနိုင်ငံတစ်ဝန်း ယခုနှစ်အတွင်း A(H1N1)တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေ ၈၅၀ခန့်ရှိပြီး ယင်းရောဂါဝေဒနာခံစားရသူပေါင်း ၂၄၀၀၀ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

တရုတ်၌ ကျိုးရှန်ပင်လယ်ဖြတ်ကျော် တံတားဖွင့်လှစ်

ပေကျင်း ဒီဇင်ဘာ ၂၈

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုးရှန်ပင်လယ်ဖြတ်ကျော်တံတားဖြစ်သည့် အရှည် ၄၈ဒသမ၅ကီလိုမီတာရှိ ၎င်းနိုင်ငံ၏အရှည်ဆုံးတံတားစာရင်းတွင် ပါရှိသည့် အဆိုပါတံတားကြီးကို ဒီဇင်ဘာ ၂၆ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ *(အောက်ပုံ) (အင်တာနက်)*

နိုင်ငံတကာ စွန့်လွှတ်ပွဲတော် ကျင်းပမည်

ဖနောင်ပင် ဒီဇင်ဘာ ၂၈

နိုင်ငံတကာ စွန့်လွှတ်ပွဲတော်ကို လာမည့်လအတွင်း ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲတော်၌ တရုတ်၊ ဆွီဒင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့်ဂျပန်နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ***(အင်တာနက်)***

တရားမဝင်ရောက်ရှိလာသူများ အင်ဒိုရဲတပ်ဖွဲ့ဖမ်းဆီး

ဂျကာတာ ဒီဇင်ဘာ ၂၈

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် စီဒိုရာဂျိုမြို့၌ ဒီဇင်ဘာ ၂၈ရက်တွင် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ တရားမဝင် ဝင်ရောက်လာသူ ၁၇ဦးအား အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။ *(အင်တာနက်)*

ပီရူး၌ ရေနံပိုက်လိုင်းတည်ဆောက်မည်

လီမာ ဒီဇင်ဘာ ၂၈

ပီရူးနိုင်ငံပိုင် ရေနံကုမ္ပဏီများက ၂၀၁၀ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် ၎င်းနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသ၌ ၈၅၄ကီလိုမီတာရှည်လျားသည့် ရေနံပိုက်လိုင်းကို အမေရိကန်ဒေါ်လာ သန်း ၈၄၀ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ***(အင်တာနက်)***

ကန်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်၌ပစ်ခတ်

ကရာချိ ဒီဇင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဒီဇင်ဘာ ၂၆ရက်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်၏ လေကြောင်းမှ ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးပြီး များစွာဒဏ်ရာရရှိကြောင်း ပြည်နယ်တပ်ဖွဲ့က ပြောကြားသည်။ *(အင်တာနက်)*

အပတ်စဉ် ဘဏ္ဍာရေးမဂ္ဂဇင်း ဆင်ဟွာသတင်းဌာန စတင်ထုတ်ဝေ

ပေကျင်း ဒီဇင်ဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆင်ဟွာသတင်းဌာနက အီကော်နော်မီအင်နေးရှင်း ဝိခ်လီး အပတ်စဉ်ထုတ် ဘဏ္ဍာရေးမဂ္ဂဇင်းတစ်စောင်ကို ဒီဇင်ဘာ၂၇ရက်တွင် စတင်ထုတ်ဝေကြောင်း သတင်းထုတ်ပြန်သည်။

ထိုအပတ်စဉ်မဂ္ဂဇင်းတွင် ထိပ်တန်းမူဝါဒချမှတ်သူများထံမှ အဖိုးတန်သတင်းအချက်အလက်များနှင့် ပညာရှင်များအဖွဲ့နှင့် ပညာရှင်တစ်ဦးချင်းစီတို့၏ အောင်မြင်သော သုတေသနပြုချက်များကို ဦးစားပေးဖော်ပြမည်ဖြစ်ကြောင်း ပါရှိသည်။

ရည်ရွယ်ဖြန့်ချိ

ထိုဘဏ္ဍာရေးမဂ္ဂဇင်းက အစိုးရအရာရှိများ၊ စီးပွားရေးကဏ္ဍမှ ဦးဆောင်ဦးရွက်ပြုသူများ၊ လေ့လာသူများနှင့် ဘဏ္ဍာရေးသတင်းကို စိတ်ဝင်စားသူများအတွက် ရည်ရွယ်ဖြန့်ချိသွားမည်ဟုဆိုသည်။ ပထမအကြိမ်ထုတ်မဂ္ဂဇင်းကို ဒီဇင်ဘာ ၂၈ရက်မှစ၍ တရုတ်ပြည်ရှိ မြို့ကြီးများမှ စာအုပ်ဆိုင်များနှင့် လေဆိပ်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရထားလမ်းချော်မှုဖြစ်ပွားပြီး ပျက်စီးသွားသော စက်ခေါင်းပိုင်းကို ဒီဇင်ဘာ ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါလက်စတိုင်းခြောက်ဦး အစ္စရေးတို့ပစ်သတ် သေဆုံးသူများ၌ ဟတာသုံးဦးပါဝင်

ဂါဇာ ဒီဇင်ဘာ ၂၈

ဂါဇာကမ်းမြောင် မြောက်ပိုင်းနှင့် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းတို့တွင် အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်း ခြောက်ဦးကို ဒီဇင်ဘာ၂၇ရက်က ပစ်သတ်လိုက်ကြောင်း၊ ကျန်တစ်ဦးမှာ ဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်းဆေးဝါးကုသရေးရပ်ကွက်က ပြောကြားသည်။

ထိုနေ့က အစ္စရေးနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် တံတိုင်းကို ကျော်ဖြတ်စဉ် ဂါဇာကမ်းမြောင် မြောက်ပိုင်း၌ ပါလက်စတိုင်းသုံးဦး ပစ်သတ်ခံလိုက်ရခြင်းဖြစ်သည်။ အခြားတစ်ဦးမှာ ဒဏ်ရာရရှိသွားသည်ဟု သိရသည်။

ပစ်သတ်

ထိုအတောအတွင်း အနောက်ဘက်ကမ်းရှိ နာဘလပ်မြို့မှ ဖတာအုပ်စုဝင် ပါလက်စတိုင်းသုံးဦးကိုလည်း အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်သတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အမေရိကန်စစ်စခန်း နေရာပြောင်းရေး ဂျပန်ဝန်ကြီးချုပ် မေလတွင်ဆုံးဖြတ်မည်

တိုကျို ဒီဇင်ဘာ ၂၈

အိုကီနာဝါရှိ အမေရိကန်စစ်စခန်းနေရာ ပြောင်းရွှေ့ပေးရေးကိစ္စကို လာမည့်နှစ် မေလတွင် ဆုံးဖြတ်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ယူကီယိုဟာတိုယာမက သန္နိဋ္ဌာန်ချထားကြောင်းသိရသည်။

အဆိုပါ အမေရိကန်စစ်စခန်းနေရာ ပြောင်းရွှေ့ရေးကိစ္စသည် ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုတို့ကြား ဟာတိုယာမ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့သည့် စက်တင်ဘာလကတည်းက ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။

ဖိအားပေး

ယင်းပြဿနာကို မြန်နိုင်သမျှ အမြန်ဆုံးဖြေရှင်းပေးရန် ဂျပန်အစိုးရကို အမေရိကန် အစိုးရက ဖိအားပေးနေသည်ဟု သိရသည်။

ကတိပေး

ဝန်ကြီးချုပ် ဟာတိုယာမ၏ လက်ဝဲဗဟိုအစိုးရက ဂျပန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များချထားခြင်းနှင့်ပတ်သက်၍ အတိတ်ကချုပ်ဆိုထားသည့် သဘောတူစာချုပ်များကို ပြန်လည်စဉ်းစားမည်ဟု ကတိပေးထားကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွား မျိုးနွယ်စုအကြီးအကဲနှင့် ရဲအရာရှိတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၈

အီရတ်နိုင်ငံတွင် ဒီဇင်ဘာ ၂၆ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တစ်ဦးနှင့် ရဲအရာရှိတစ်ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဆွန်နီမျိုးနွယ်စုအကြီးအကဲမာမွတ်ဟူစိန်အယ်လ်အိုဘေဒီသည် ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ သူ၏နေအိမ်ပြင်ပ၌ ဗုံးတစ်လုံးပေါက်ကွဲရာမှ ဗုံးဆန့်ထိမှန်သေဆုံးသွားခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

သီးခြားဖြစ်ရပ်တစ်ခုမှာ ရဲတပ်ဖွဲ့ ဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူ မာလိုးကီး အယ်လ်ဂျူမေလီသည် ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ကီလိုမီတာ ၅၀ခန့်အကွာ ဖလူးဂျာရှိ ယင်း၏နေအိမ်ရှေ့တွင် နံနက်ပိုင်းက ဗုံးတစ်လုံးပေါက်ကွဲရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲ

ဒီဇင်ဘာ ၂၆ရက်မှာပင် ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း ဇာဖရာနီးယား ခရိုင်၌ ရဲကင်းလှည့်နေစဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားနှစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာလာဟူဒင်ပြည်နယ် မြို့တော်တီကရစ် အရှေ့ဘက် ကီလိုမီတာ ၉၀ခန့်အကွာရှိ တူးစ်ခူရ်မာတိုမြို့၌ ရဲစစ်ဆေးရေး စခန်းအနီး အမှိုက်ပုံးတွင် ဝှက်ထားသည့် ဗုံးတစ်လုံး ပေါက်ကွဲရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိသွားသည်။ **(အင်တာနက်)**

ရာဇဝတ်ဂိုဏ်းများ ၂၀၀၉ခုနှစ်အတွင်း ဖိလစ်ပိုင်၌ နှိမ်နင်းနိုင်

မနီလာ ဒီဇင်ဘာ ၂၈

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် ၂၀၀၉ ခုနှစ်အတွင်း၌ အဓိကစားပြဂိုဏ်းအပါအဝင် ရာဇဝတ်ဂိုဏ်းပေါင်း ၂၁၉ဂိုဏ်းကို အောင်မြင်စွာနှိမ်နင်းဖြိုခွင်းနိုင်ခဲ့ကြောင်း အမျိုးသားမြို့စောင့်ရဲတပ်ဖွဲ့ (အင်န်စီအာရ်ပီအို)က ပြောကြားသည်။

နှိမ်နင်းနိုင်

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် သံသယရှိသူ ၂၆၈ ဦးကို ဖမ်းဆီးရမိကာ ၎င်းတို့နှင့်ဆက်နွယ်၍ ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စစ်ဆင်ရေးအတွင်း အခြားသုံးဦးကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း အင်န်စီအာရ်ပီအို ညွှန်ကြားရေးမှူးချုပ် ရိုဘာတိုရိုဆေးလ်၏ ပြောကြားချက်ကို ကိုးကား၍ ဖိလစ်ပိုင်သတင်းဌာနက ထုတ်လွှင့်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ခွင် ၂၀၀၉ခုနှစ် သတင်းအနှစ်ချုပ်ရပါလျှင် ....

မြန်မာ့အလင်း ဘာသာပြန်စာတည်းအဖွဲ့ စုစည်းရေးသားသည်

၂၀၀၉ခုနှစ် နိုဝင်ဘာ ၉ရက်က ကျင်းပသည့် ဘာလင်တံတိုင်းဖြိုချသည့် အကြိမ် (၂၀)မြောက် နှစ်ပတ်လည် အခမ်းအနားတွင် ပြည်သူများ ဤသို့ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဤအချိန်ကာလသည် ၂၀၀၉ခုနှစ် နှစ်ဟောင်းကုန်၍ ၂၀၁၀ သို့ နှစ်သစ်ကူးတော့မည့် အခါသမယဖြစ်သည်။ ၂၀၀၉ ခုနှစ်သည် ဆယ်စုနှစ်အတန်ကြာအတွင်း၌လည်းကောင်း၊ ၂၁ ရာစု၏ ပထမဆယ်နှစ်အတွင်းတွင်လည်းကောင်း ထူးခြားသည့်နှစ် ဖြစ်သည်-

(ယမန်နေ့မှအဆက်)

စူးအက်တူးမြောင်းဖြတ်ခ

၂၀၀၉ခုနှစ်တွင် စူးအက်တူးမြောင်း **(အောက်ပုံ)**ကို ဖြတ်သန်းကြသည့် ရေယာဉ်အားလုံးအတွက် ဖြတ်သန်းခကို ယမန်နှစ်က နှုန်းအတိုင်း ကောက်ခံမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းအာဏာ ပိုင် အဖွဲ့ (အက်စ်စီအေ)က ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ ရက်က ထုတ်ဖော်ကြေညာသည်။

မြေထဲပင်လယ်နှင့် ပင်လယ်နီကိုဆက်ပေးသည့် စူးအက်တူးမြောင်းမှာ နိုင်ငံတကာကုန်သွယ်ရေး၏အကြီးမား အစည်ကားဆုံးသော ရေကြောင်းလမ်း ဖြတ်သန်းရာနေရာ ဖြစ်သည်။ ၁၈၆၉ ခုနှစ်တွင် တူးမြောင်း ဖွင့်ပြီးနောက် ၁၉၅၆ခုနှစ်တွင် စူးအက်တူးမြောင်းကို အီဂျစ်နိုင်ငံက ပြည်သူပိုင် သိမ်းခဲ့သည်။

လက်ရှိနိုင်ငံတကာ ငွေကြေးအကျပ်အတည်းက ကမ္ဘာ့ကုန်သွယ်ရေးကို ရိုက်ခတ်မှုနှင့် ပင်လယ်နီရေပြင်အနီးပင်လယ်ဓားပြများ သောင်းကျန်းလာမှုကြောင့် ဤရေကြောင်းလမ်းကို ဖြတ်သန်းသည့် သင်္ဘောအရေအတွက်မှာ ယခုအခါ လျော့နည်းလာသည်။

ဆိုမာလီပင်လယ်ဓားပြ

ယခုတလော ဆိုမာလီကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ဓားပြများ သောင်းကျန်းလျက်ရှိသည်။ ၂၀၀၉ ခုနှစ်အတွင်းတွင် ဆိုမာလီပင်လယ်ဓားပြများက ပနားမား၊ စိန့်ကစ်နှင့် နေဗီးစ်၊ အီဂျစ်၊ အိန္ဒိယ၊ ဂရိ၊ ကင်ညာ၊ နယ်သာလန်၊ လိုင်ဘေးရီးယား၊ ဘဟားမား၊ ဂျာမနီ၊ မော်လတာ၊ ဗီယက်နမ်၊ အီရန်၊ တူရကီ၊ ဂျပန်၊ နော်ဝေ၊ အစ္စရေး၊ ယီမင်၊ ယူကေ(ဗြိတိန်)၊ အမေရိကန် သင်္ဘောပါမကျန် အပိုင်စီးပြန်ပေးဆွဲသည်။

ပြန်ပေးဆွဲ

သင်္ဘောအမျိုးအစားအားဖြင့်လည်း ကုန်သင်္ဘော၊ ရေနံတင်သင်္ဘော၊ ငါးဖမ်းသင်္ဘော၊ ဆွဲသင်္ဘောပါမလွတ်တမ်း အပိုင်စီးပြန်ပေးဆွဲရာတွင် ပါဝင်သည်။ ပြန်ပေးဆွဲလိုက်သည့် သင်္ဘောနှင့်တကွ သင်္ဘောသားများ၊ ကုန်ပစ္စည်းများကို ရွေးယူရန်တောင်းလိုက်သည့် ငွေပမာဏကလည်း များပြားလှသည်။

ဆိုမာလီနိုင်ငံတွင် ဆီယက်ဘာရီအစိုးရလက်ထက်က ငါးဖမ်းလုပ်ငန်းအတွက် ပြည်ပအကူအညီများရရှိအဆင်ပြေသော်လည်း နောက်ပိုင်းတွင် ပြည်တွင်းစစ်ကြောင့် ကိုယ့်ရေပိုင်နက်ကို ကိုယ်တိုင်မစောင့်ရှောက်နိုင်သဖြင့် ပြည်ပငါးခိုးဖမ်းမှုများ၊ ရေထုညစ်ညမ်းမှုများကြောင့် ငါးဖမ်းလုပ်ငန်းအခြေယိုင်ကာ တံငါအချို့အပါအဝင် ဝင်ငွေကောင်းသည့် ပင်လယ်ဓားပြလုပ်ငန်းသည် လူငယ်လူရွယ်များကိုသာမက စစ်နယ်ရှင်နှင့် စီးပွားရေးသမားများကိုပါဆွဲဆောင်၍ ကြီးထွားလာသည်။ လက်စွမ်းထက်လာကြသည်။ ထို့ကြောင့်ပင် ဆိုမာလီပင်လယ်ဓားပြများက ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် သင်္ဘော ၁၂စင်း၊ ဖေဖော်ဝါရီလတွင် သင်္ဘောနှစ်စင်း၊ မတ်လတွင် သင်္ဘော ၁၆စင်း၊ ဧပြီလတွင် သင်္ဘော ၃၃ စင်း၊ မေလတွင် သင်္ဘောငါးစင်း၊ ဇွန်လမှ စက်တင်ဘာလအတွင်း သင်္ဘော ၁၃စင်း၊ အောက်တိုဘာလတွင် သင်္ဘောရှစ်စင်း၊ နိုဝင်ဘာလတွင် သင်္ဘော ၁၂ စင်း စသည်ဖြင့် ပြန်ပေးဆွဲ အပိုင်စီးကာ ငွေတောင်းခဲ့သည်။ ခက်သည်က အရေးပါသော ဤနိုင်ငံတကာ ရေကြောင်းတွင် ပင်လယ်ဓားပြအန္တရာယ်ကိုကာကွယ်ရန် နိုင်ငံတကာ (နေတိုးအဖွဲ့အပါအဝင်) ရေတပ်သင်္ဘောများ စောင့်ကြပ်သည့်ကြားကပင် ထိုမျှလက်ရဲဇက်ရဲ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။

နာဇီတပ်ဖွဲ့ဝင်ဟောင်းများ

ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတို့ကြီးစိုးရာဒေသတွင် ညှဉ်းဆဲသတ်ဖြတ်မှု၌ နာမည်ဆိုးဖြင့် ကျော်ကြားသည့် ဂျာမန်အက်စ်အက်စ်အထူးတပ်ဖွဲ့ဝင်အချို့မှာ စစ်ကြီးအပြီး၌ ခြေရာဖျောက် နေထိုင်ခဲ့ကြသည်။ ယခုအခါ ဂျာမနီနိုင်ငံ၌ပင် နှစ်ပေါင်း ၆၀ ပုန်းအောင်း နေထိုင်ခဲ့သူ အသက် ၉၀ရှိ အဒေါ့ဖ်စတွမ်းအား ဥပဒေအရ အရေးယူနိုင်ပြီဖြစ်ကြောင်း ဂျာမနီတရားရုံးက ကြေညာခဲ့သည်။

အပြစ်ပေးနိုင်

၂၀၀၉ခုနှစ်အတွင်း နာဇီစစ်ရာဇဝတ်ကောင်များအား ဥပဒေအရ အရေးယူမှုများရှိသည်။ အဒေါ့ဖ်စတွမ်းအပြင် ဇူလိုင်လတွင် နာဇီတပ်ဖွဲ့ဝင် ဂျွန်ဒင်ဂျွန်ဂျတ် အသက်(၈၉)နှစ်၊ ဩဂုတ်လ၌ နာဇီကြည်းတပ်အရာရှိ ဂျိုးဇက်ဆွမ်ဂရေဘာ အသက် (၉၀)၊ အောက်တိုဘာလတွင် အက်စ်အက်စ်တပ်ဖွဲ့ဝင် ဟိန်းရစ်ချ်ဘိုရေး အသက် (၈၈)နှစ်တို့အား အပြစ်ပေးနိုင်ခဲ့သည်။

ဂရိ ရေနံတင်သင်္ဘော

၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း ဆိုမာလီ ပင်လယ်ဓားပြများ ပြန်ပေးဆွဲသွားခဲ့သည့် ဂရိ ရေနံတင်သင်္ဘော။

ဘာလင်တံတိုင်းနှစ်ပတ်လည်

ဂျာမနီနိုင်ငံမှ ဘာလင်တံတိုင်းဖြိုချသည့် အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အခမ်းအနားကို ဘာလင်မြို့ ဘရန်ဒင်ဘတ်ဂိတ်၌ ၂၀၀၉ခုနှစ် နိုဝင်ဘာ ၉ရက် (တနင်္လာနေ့)က ကျင်းပသည်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲ ဦးဆောင်ကျင်းပသည့် ယင်းအခမ်းအနားမှာ အထူးစည်ကားသည်။ မိုးရွာနေသည်ကိုပင် ပဓာနမထားဘဲ ပြည်သူထောင်ပေါင်းများစွာတို့ တက်ရောက်ကြသည်။ ဧည့်သည်တော်များအဖြစ် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၊ ပြင်သစ်သမ္မတ ဆာကိုဇီ၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ရုရှားသမ္မတ မက်ဗီဒက်ဗ်၊ ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီခေးလ်ဂေါ်ဘာချက်ဗ်၊ ပိုလန်သမ္မတဟောင်း ဗာဝင်းဇားတို့ တက်ရောက်ကြသည်။

၁၉၈၉ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဖြိုချလိုက်ခြင်းအားဖြင့် ဂျာမနီနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးနှင့်တကွ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲရေးနှင့် စစ်အေးတိုက်ပွဲနိဂုံးချုပ်ရေးကို ဦးတည်ပေးလိုက်သကဲ့သို့ ဖြစ်ခဲ့သည်။

ယခုအခါတွင်မူ ဘာလင်တံတိုင်းဖြိုချသည့် နှစ်ပတ်လည်အထိမ်းအမှတ်က မိမိတို့ခေတ်တွင် ဆင်းရဲမွဲတေမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်၊ ကမ္ဘာတစ်ဝန်း လူ့အခွင့်အရေးများကိုကာကွယ်ရန် သတိပေးနှိုးဆော်ချက်တစ်ရပ်အဖြစ်လည်းကောင်း၊ ဖိနှိပ်မှုကိုတွန်းလှန်ရန်၊ ယခုတိုင်ကမ္ဘာကြီးနှင့်တကွ မြို့များ၊ ဒေသများနှင့်နိုင်ငံများကို ပိုင်းခြားကာရံထားသည့် တံတိုင်းအားလုံးကို ဖြိုချရန်တိုက်ပွဲခေါ်သံတစ်ရပ်အဖြစ်လည်းကောင်း ကမ္ဘာ့ပြည်သူများက သဘောပေါက်ရှုမြင်လာကြသည်။ ထိပ်တိုက်ရင်ဆိုင်မှုကို သမိုင်း၌ထားရစ်ပြီး ပိုမိုသာယာသစ်လွင်သော ကမ္ဘာကြီးကိုတည်ဆောက်ရန် အခမ်းအနားတက်ရောက်ကြသူများက သန္နိဋ္ဌာန် ချမှတ်ခဲ့ကြသည်။

ကိုးကား-အင်တာနက် (ဆက်လက်ဖော်ပြပါမည်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ-စုစည်းရေးသားသည်

နယူးဇီလန်တွင် ဝေလငါးများသောင်တင်သေဆုံး

နယူးဇီလန်နိုင်ငံတွင် တစ်နေရာစီ သီးခြားသောင်တင်နေသော ဝေလငါး အသေ ၁၂၀ ကျော်ကိုတွေ့ရှိရကြောင်း၊ နယူးဇီလန်နိုင်ငံ ဝေလငါးထိန်းသိမ်းစောင့်ရှောက်ရေးဌာနက ဒီဇင်ဘာ ၂၈ရက်၌သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ဘရာဇီးရဟတ်ယာဉ်အစအနများ အလောင်းနှစ်လောင်းနှင့်အတူ တွေ့ရှိ

ဘရာဇီးလေယာဉ်ပညာဆိုင်ရာ အုပ်ချုပ်ရေးဌာနချုပ်က မိမိတို့သည် ဘရာဇီးလေကြောင်းရေးရာတပ်ဖွဲ့ (အက်ဖ်အေဘီ)ပိုင် ရော်ဘင်ဆင်အာရ်-၄၄ အမျိုးအစားရဟတ်ယာဉ်၏ အကြွင်းအကျန် အစအနများနှင့်အတူ အလောင်းနှစ်လောင်းကို ဒီဇင်ဘာ ၂၈ ရက်ကတွေ့ရှိခဲ့ကြောင်း အဆိုပါဌာနချုပ်ကသတင်းထုတ်ပြန်သည်။

ဂျပန်ကုန်ပစ္စည်းလက်လီဈေး နိုဝင်ဘာလ၌ တစ်ရာခိုင်နှုန်းကျ

ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းလက်လီရောင်းဈေးသည် နိုဝင်ဘာလတွင် ယခင်နှစ်ကထက် တစ်ရာခိုင်နှုန်းကျဆင်းပြီး စုစုပေါင်းယန်းငွေ ၁၁ ဒသမ ၃၉ ဘီလီယံရရှိကြောင်း၊ ပျမ်းမျှတန်ဖိုးဈေးကွက်ခန့်မှန်းချက်ထက် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (မီတီ)က ထုတ်ပြန်သည့် စာရင်းဇယားများကဖော်ပြသည်။

အဲလ်ပ်တောင်တန်း၌ မြေပြိုမှုဖြစ်ပွား

အီတလီနိုင်ငံ အဲလ်ပ်တောင်တန်းတွင် ပြီးခဲ့သော သီတင်းပတ်ကုန်ပိုင်းက မြေပြိုသဖြင့် ခုနစ်ဦးသေဆုံးသွားကြောင်း၊ သေဆုံးသူများအနက် ခြောက်ဦးမှာ အီတလီနိုင်ငံသားများဖြစ်ပြီး တစ်ဦးမှာ ဂျာမနီနိုင်ငံသားဖြစ်ကြောင်း၊ ယင်းတို့၏အလောင်းကို ဒီဇင်ဘာ ၂၇ ရက်ကတွေ့ရှိရကြောင်းသတင်းရရှိသည်။

တရုတ်၌ ကျောက်မီးသွေးတွင်းမီးလောင်၊ ၁၂ဦး သေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့မီးလောင်ပေါက်ကွဲသဖြင့် ၁၂ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာအရာရှိများက ဒီဇင်ဘာ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။ ဒီဇင်ဘာ ၂၇ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် ပေါက်ကွဲသွားခြင်းဖြစ်သည်။

ဩစတြေးလျလေဆိပ်လုံခြုံရေး တင်းကျပ်

ဒက်ထရွိုက်မြို့၌ ဂျက်လေယာဉ်ပေါ်လိုက်ပါလာသည့် ဒုတိယမြောက် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာက ဖမ်းဆီးခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ဦးတည်ပျံသန်းသည့် လေယာဉ်များမှလွဲ၍ လေယာဉ်ခရီးစဉ်အများအပြားကို ဩစတြေးလျလေဆိပ်များက နဂိုခရီးစဉ်အတိုင်း ပျံသန်းခွင့်ပြုမည်ဖြစ်ကြောင်း ဩစတြေးလျပို့ဆောင်ရေးဝန်ကြီး အန်တိုနီအယ်လ်ဘာနိစ်က ဒီဇင်ဘာ၂၈ရက်တွင် ပြောကြားသည်။

ကိုလံဘီယာ၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

ကိုလံဘီယာနိုင်ငံမြောက်ပိုင်း လာဂလိုရီယာမြို့၌ လူနာတင်ယာဉ်တစ်စီးနှင့် နောက်တွဲ ကုန်တင်ယာဉ်တို့ ဒီဇင်ဘာ ၂၇ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ လူနာတင်ယာဉ်ပေါ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနှင့် အခြားငါးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်သည်။

မူးယစ်မှောင်ခို ဂိုဏ်းခေါင်းဆောင် ပါရာဂွေး၌ ဖမ်းဆီးခံရ

ဘရာဇီးအစိုးရက ဖမ်းဝရမ်းထုတ်ထားသည့် မူးယစ်မှောင်ခိုဂိုဏ်းခေါင်းဆောင်တစ်ဦးကို အခြားတရားခံလေးဦးနှင့်အတူ ပါရာဂွေးနိုင်ငံမြောက်ပိုင်း အဆန့်ရှင်းမြို့၌ ပါရာဂွေးမူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်သည်။

ပြန်ပေးဆွဲခံရသည့် တရုတ် ကုန်တင်သင်္ဘော သင်္ဘောသား ၂၅ ဦးနှင့်အတူ ပြန်လည်လွတ်မြောက်

တောင်အာဖရိကနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ကျောက်မီးသွေးတန်ချိန် ၇၆၀၀၀ခန့် တင်ဆောင်လာသော ကင်တောင်အိုရှင်ရှစ်ပင်း ကုမ္ပဏီလီမိတက်ပိုင် တရုတ်ကုန်တင်သင်္ဘောတစ်စင်းသည် အောက်တိုဘာ ၁၉ရက်က ဆိုမာလီ အရှေ့ဘက်ကမ်းလွန်ရေမိုင် ၇၀၀ အကွာတွင် ပြန်ပေးဆွဲခံရပြီးနောက် ဒီဇင်ဘာ ၂၈ရက်က ပြန်လည်လွတ်မြောက်လာခဲ့ပြီး တရုတ်သင်္ဘောသား ၂၅ဦးကို အောင်မြင်စွာကယ်တင်လိုက်နိုင်ကြောင်း ပင်လယ်ရေပြင်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဌာနက ပြောကြားသည်။ (အောက်ပုံ) (အင်တာနက်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

သဒ္ဒါမြတ်လေး လွတ်လပ်ရေး အသက်ပေးလို့ရယ် ဒို့ကာကွယ်

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။ ယခု ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့မှာ (၆၂)နှစ်မြောက် အောင်ပွဲသဘင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဘီစီ(၃)ရာစုခန့်မှစ၍ ဗိသနိုး၊ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်လာခဲ့သည့် လွတ်လပ်သောနိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကို စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ တောင်ငူကို အခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသော ဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကို အခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံလျက် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး **နေထိုင်ခဲ့ကြသည်။ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ အပြန်အလှန်စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်ရင်းနှီးစွာ မြန်မာနိုင်ငံအတွင်း အတူတကွ ပူးပေါင်းနေထိုင်ခဲ့ကြသည်။ မြတ်နိုးဖွယ်ရာအစဉ်အလာများ၊ ကောင်းမြတ်သောစိတ်ထားများဖြင့် နိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်။**

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ခေတ်အဆက်ဆက် ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေးအရ သော့ချက်ကျသော တည်နေရာအနေအထားရှိသည်။ အာရှတိုက် ကုန်းမကြီးပေါ်တွင် တည်ရှိနေပြီး ရှည်လျားသော ပင်လယ်ထွက်ပေါက်ရှိသည့် နိုင်ငံဖြစ်သည်။ အနောက်မြောက်နှင့် မြောက်ပိုင်းတွင် ကြီးမားကျယ်ဝန်းသည့် အာရှတိုက်အတွင်းပိုင်းဒေသများနှင့် ဆက်စပ်နေသည်။ လူဦးရေထူထပ်ပေါများသော တရုတ်၊ အိန္ဒိယနိုင်ငံကြီးများနှင့် ဆက်စပ်နေသကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများ၊ တောင်အာရှ နိုင်ငံများ၊ အရှေ့အာရှနိုင်ငံများနှင့်လည်း နီးကပ်စွာ တည်ရှိနေသည်။

ပန်းတောင်း သန်းကြွယ်

မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော စိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းစေနိုင်သော မျှတသည့် ရာသီဥတုလည်းရှိသည်။ နိုင်ငံတော်၏ မြေတစ်ဝက်ကျော်မှာ အဖိုးတန်သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ စပါးကောက်နှံပေါများသကဲ့သို့ ပတ္တမြား၊ ကျောက်သံလည်း ကြွယ်ဝသည်။ ကျွန်းသစ်၊ ရေနံ၊သဘာဝတွင်းထွက် များစွာရှိသည်။ ဤကြွယ်ဝမှု အနေအထားနှင့် တည်နေရာအရ သော့ချက်ကျအရေးပါမှုသည်ပင်လျှင် မြန်မာနိုင်ငံအား နယ်ချဲ့တို့ မျက်စိကျခဲ့ရခြင်း အကြောင်းအရင်းဖြစ်သည်။

၁၉ရာစုနှစ်တွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်း၏အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ကျူးကျော်စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ သို့ရာတွင် မြန်မာတို့၏ မူလဗီဇလက္ခဏာများဖြစ်ကြသော ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာ၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို မြတ်နိုးတွယ်တာ တန်ဖိုးထားသည့် စိတ်ဓာတ်၊ ကိုယ့်အမျိုးသားရေး ဂုဏ်သိက္ခာကို ထိပါးမခံသည့် စိတ်ဓာတ်များကို ပိုင်ဆိုင်ကြသူများဖြစ်သည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့သည် အသက်သွေးချွေးတို့ကို အရင်းတည်လျက် နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချွံချွံ တော်လှန်တိုက်ခိုက်ခဲ့ကြသဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာပင်ဖြစ်သည်။ အချုပ်အခြာအာဏာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ သုံးရပ်သည် အခြားတိုင်းတစ်ပါးသားများနှင့် အခြားနိုင်ငံလက်ထဲသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောက်ရှိနေပြီဆိုပါက ထိုနိုင်ငံသည် လက်သစ်ကိုလိုနီနယ်ချဲ့ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခံနေရခြင်းပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် အချို့နိုင်ငံများမှာ မခေါ်မပင့်ဘဲ အဓမ္မဝင်ရောက်သော တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်သိမ်းပိုက်ထားမှုအောက်တွင် ရောက်ရှိနေကာ လုံခြုံရေးလည်းမတည်ဆောက်နိုင်၊ နိုင်ငံထူထောင်ရေးလည်း မဆောင်ရွက်နိုင်ဖြစ်နေသည်။ ရွှေရည်စိမ်လွတ်လပ်ရေးအတုနှင့် ရုပ်သေးအစိုးရတို့ဖြင့် မရှုနိုင်မကယ်နိုင် ဖြစ်နေရသည်။ ကိုယ့်မြေကိုယ့်အိမ်မှာ နေထိုင်ရင်း တိုင်းတစ်ပါးသားတို့၏ ထင်သလိုပြုမူစော်ကား ဗိုလ်ကျမှုကို ခံနေရသည်။ ထင်သလို ဗုံးကြဲခြင်း၊ ပစ်ခတ်ခြင်းတို့ကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာသည် အဓိပ္ပာယ်မဲ့စွာ အသက်ဆုံးပါးနေကြရသည်။ သင်ခန်းစာယူဖွယ် ကောင်းလှသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း တက္ကသိုလ်ကျောင်းများကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ကချင်ပြည်နယ်ရှိ ဗန်းမော်တက္ကသိုလ်အဆောက်အအုံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးသည် တက်ညီလက်ညီ စုစည်းပါဝင်ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက်ကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် အားသွန်ခွန်စိုက် ပါဝင်ပူးပေါင်းဆောင်ရွက်။

ယနေ့ကာလမှာ သူ့အလိုအလျောက်မကွဲလျှင်ပင် တမင်ဝင်၍သပ်လျှိုဖြိုခွဲသော ခေတ်ဖြစ်သည်။ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ ခြိမ်းခြောက်ရန်ဝန်မလေးသော ခေတ်ကြီးဖြစ်သည်။ တတိယကမ္ဘာစစ်ဟူသော စကားကိုပင် လက်လွှတ်စပယ် အလွယ်တကူပြောဆိုနေသော ခေတ်ဖြစ်ရာ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက် ကန်စွန်းလောက်ပင်အရေးမထားဘဲ အင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်နေသော ကာလကြီးဖြစ်သည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင်အင်အားရှိမှသာ ကိုယ့်နိုင်ငံလွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ညီညွတ်ခြင်းသည် ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီစွာ ရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးအတွက်လည်း အဓိကကျသော မောင်းနှင်အားကြီးပင်ဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို နှစ် ၄၀ခန့် နှောင့်နှေးစေခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုမီးကို ငြိမ်းသတ်ကာ ညီညွတ်ငြိမ်းချမ်းသော အနေအထားသို့ရောက်အောင် နိုင်ငံတော်အစိုးရက စွမ်းဆောင်ရယူခဲ့ခြင်း ဖြစ်သည်။

ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် တညီတညွတ်တည်းခံယူသတ်မှတ်၍ ရှေးရှုဆောင်ရွက် ချီတက်လျက်ရှိသည်။ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် *စာမျက်နှာ ၇ ကော်လံ ၁*

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ ၆ မှ

တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးအခြေခံ အဆောက်အအုံများ တောင့်တင်းခိုင်မာလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးစားပေး ဖြည့်ဆည်းအကောင်အထည်ဖော်လျက် ရှိပေသည်။

နိုင်ငံတစ်ဝန်းလုံးတွင် အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် တစိုက်မတ်မတ် နေ့မအားညမနား ဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ရရှိနေပြီ ဖြစ်သည်။ ၁၉၈၈ခုနှစ်တွင် အသားတင်စိုက်ပျိုးမြေဧက ၁၉ ဒသမ ၉သန်းသာရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၂၉ဒသမ ၃၂သန်းအထိ တိုးတက်လာခဲ့သည်။ စိုက်ပျိုးရေရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းပေါင်း ၂၂၈ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ခု၊ မြေအောက်ရေတွင်းပေါင်း ၇၉၆၂တွင်းနှင့် ဆည်ငယ်၊ ကန်ငယ်များစွာကိုပါ ပြုပြင်တည်ဆောက်ပေးခဲ့သဖြင့် ၁၉၈၈ခုနှစ်တွင် စုစုပေါင်းစိုက်ဧက ၂၃ ဒသမ ၈သန်းသာရှိခဲ့ရာမှ ယခုအခါ ၅၆ဒသမ ၉သန်းအထိ တိုးတက်လာခဲ့သည်။ ၁၉၈၈ခုနှစ်က စပါးတင်းသန်းပေါင်း ၆၃၁သန်းသာ ထွက်ရှိခဲ့ရာမှ ယခုအခါ ၁၅၆၁သန်းအထိ ထွက်ရှိလာခဲ့ပြီဖြစ်သည်။ ပဲမျိုးစုံကို စိုက်ဧက ၁ဒသမ ၈သန်းသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ၁၀ဒသမ ၅၇သန်းအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။ အာဆီယံနိုင်ငံများအတွင်းပဲထုတ်လုပ်မှုဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ပြည်သူများအတွက် အိမ်ရာဆောက်လုပ်ရာတွင် အသုံးဝင်သော ကျွန်းနှင့် အခြားသစ်မာစိုက်ခင်းဧကပေါင်း ၈၂၆၀၀၀ကျော်ကို နိုင်ငံတော်က စိုက်ပျိုးထူထောင်ထားပြီး ပုဂ္ဂလိကပိုင်ကျွန်းနှင့် သစ်မာစိုက်ခင်းဧကပေါင်း ၂၇၀၀၀၀ ကျော်ကိုလည်း ခွင့်ပြုစိုက်ပျိုးထားရှိနိုင်ခဲ့သည်။ မြို့ပြစီမံကိန်း၊ မြို့သစ်စီမံကိန်းများကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

စက်မှုနိုင်ငံတော်ဖြစ်ပေါ်တိုးတက်ရေးကို ရည်စူးလျက် ပုဂ္ဂလိကစက်မှုဇုန် ၁၈ဇုန်ထူထောင်ပေးခဲ့ပြီး ၁၉၈၈ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံ ၃၅၀၀၀သာရှိခဲ့ရာမှ ယခုအခါ နိုင်ငံပိုင် စက်ရုံ ၇၆၈ရုံ၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ ၁၁၈၀၀၀ကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။

အလားတူပင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ပြည်နယ်နှင့်တိုင်းဆက်လမ်းများ၊ အမြန်လမ်းမကြီးများကို နိုင်ငံတော်က ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့သည်။ ၁၉၈၈ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော်သာရှိခဲ့ရာမှ ယခုအခါ လမ်းမိုင်ပေါင်း ၄၁၇၀၀ ကျော် ရှိခဲ့ပြီဖြစ်သည်။ ရှိပြီး ရထားလမ်းပိုင်းများအား အဆင့်မြှင့်တင်ပေးခြင်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ပေးခြင်းတို့ဖြင့်လည်း လမ်းပန်းဆက်သွယ်မှုကို ပိုမိုချောမွေ့အောင် ဆောင်ရွက်လျက်ရှိသည်။ မြစ်ကူးတံတားကြီးများ အပါအဝင် တံတားပေါင်းများစွာကို တည်ဆောက်ပေးခဲ့ရာ ပေ ၁၈၀အထက် ကားလမ်းတံတားပေါင်း ၂၃၃စင်းနှင့် ရထားလမ်းတံတားပေါင်း ၅၅စင်းကို တည်ဆောက်ပေးနိုင်ခဲ့သည်။ လေဆိပ်သစ်များဆောက်လုပ်ခြင်း၊ အဆင့်မြှင့်တင် မွမ်းမံခြင်းတို့ကိုပါ ဆောင်ရွက်ခဲ့ရာ ပေ ၅၀၀၀အထက် လေယာဉ်ကွင်းပေါင်း ၁၉၈၈ခုနှစ်က ၂၁ကွင်းသာရှိခဲ့ရာမှ ယခုအခါ ၃၇ကွင်းအထိရှိနေပြီ ဖြစ်သည်။

၁၉၈၈ခုနှစ်က အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၃ခုသာရှိခဲ့ရာမှ ယခုအခါ ၂၈ခုအထိရှိလာခဲ့ပြီး ကုန်းတွင်းကုန်သေတ္တာစခန်း သုံးခုကိုပါ ထပ်မံတည်ဆောက်နိုင်ခဲ့သည်။ ထို့အတူပင် ဆက်သွယ်ရေးကဏ္ဍမှာလည်း အော်တိုတယ်လီဖုန်း၊ မိုဘိုင်းလ်တယ်လီဖုန်းလိုင်းများစွာကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သည်။

ယခင်က ရေအားလျှပ်စစ်ထုတ်လုပ်မှု ၂၂၈ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခုအခါ ၁၁၉၇ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး အခြားစက်ရုံများအပါအဝင် ၂၂၅၅ဒသမ ၉မဂ္ဂါဝပ်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၄၇ခုပြီးစီးပါက ၃၇၄၆၇ဒသမ၅ မဂ္ဂါဝပ် ထပ်မံရရှိမည်ဖြစ်သည်။ ထွက်ရှိလာမည့် ဓာတ်အားများဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းများကိုလည်း ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ ပညာရေးဖွံ့ဖြိုးမှုအတွက် အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး သူငယ်တန်းကျောင်းဝင်မှုနှုန်း ၉၈ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ဒသမ၈၉ ရာခိုင်နှုန်းအထိရှိလာပြီဖြစ်သည်။ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ကျောင်းသာရှိခဲ့ရာမှ ယခုအခါ ၁၅၉ကျောင်းအထိ ရှိလာပြီဖြစ်သည်။ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံပေါင်း ၂၅၃ရုံကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဆေးရုံပေါင်း ၂၆၄ ရုံကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။ ယခုအခါ ဆေးရုံပေါင်း ၈၈၄ ရုံအထိရှိလာပြီး ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ခုဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ပြည်သူများ၏ ကျန်းမာရေးနှင့် သက်တမ်းစေ့နေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်နိုင်နေပြီဖြစ်သည်။

ခြုံ၍ဆိုရသော် ဖြစ်တည်ပေါ်ထွန်းလာသော ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကိုလက်ညှိုးထိုးမလွဲ တွေ့မြင်ခံစားနိုင်ကြပြီဖြစ်သည်။ အချင်းချင်း မညီညွတ်မှု၊ ဆူပူအုံကြွမှု၊ ပဋိပက္ခများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်၍ မရနိုင်ပေ။ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ ခြိုးခြံချွေတာစုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် တိုင်းရင်းသားများအားလုံးသည် အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက်လည်း တိုင်းရင်းသားများအားလုံး စုစည်းပါဝင်ကာ ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ထို့အတူပင် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးသည် တက်ညီလက်ညီ စုစည်းပါဝင်ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက်ကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အားသွန်ခွန်စိုက် ပါဝင်ပူးပေါင်း ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက် ရပေသည်။ ။

လက်ရည်တစ်ပြင် ချစ်ကြည်စွာ အကျိုးဆက်ကြမည်

* ငွေနှင်းဖြူလွှ၊ ဖွေးဖွေးကျသောအခါ
ရွှေပြည်သူများ ပျော်ပါးရွှင်ကြည်စွာ
နှင်းရည်ဆမ်းသည့် ပန်း၏ပမာ
လန်းဖြာချမ်းမြေ့၊ လေးရက်ဇန်နဝါနေ့မြတ်မှာ
မှန်စွာ လွတ်လပ်ခဲ့သည်တည့်လေး။

* ကိုလိုနီဆိုး၊ ညစ်မျိုးစုံစွာ
နှံ့မှာနှစ်လို့၊ ပိတ်ဆို့ ဒို့ကြမ္မာ
မှောင်တိုက်မှာသွင်း၊ ကျွန်တွင်းနက်စွာ
ညဏ်နီညဏ်နက် ဆင်လျက်ကယ်သာ
ကာလရှည်ကြာ ဖိနှိပ်ခဲ့သည်တည့်လေး။

* ရွှေမှန်ကင်းအစစ်၊ ထင်းဖြစ်ရလည်း
ဒို့အသည်းမှာ၊ ခိုင်မာစွဲမြဲ
''လက်တွဲမကွာ၊ ညီနောင်သားချင်း
စည်းလုံးခြင်းသာ၊ လွတ်မြောက်ရာ''ဟု
တုန္နိုင်းမဲ့ကင်း စည်းလုံးခြင်းခိုင်
မဏ္ဍိုင်အဖြစ် စိုက်ထူလက်တွဲ
လွတ်လပ်ရတနာ ပိုင်စွာရနိုင်ခဲ့သည်နှင့်လေး။

* အသက်သွေးချွေး၊ စတေးပေးဆက်
ခက်ခဲစွာရ၊ မြန်မာ့မှန်ကင်း
လွတ်လပ်ခြင်းကို သွေးချင်းငယ်မှ ညီမြတ်နောင်
နောက်ထပ်တစ်ဖန် ပြန်မဆုံးအောင်
သွေးစည်းခိုင်ခိုင် တူပြိုင်ကာကွယ်ကြမည်ကွယ့်လေး။
လက်ရည်တစ်ပြင် ချစ်ကြည်စွာ အကျိုးဆက်ကြမည်၊
တက်နေအသွင် အသစ်တည်ကာ တိုးတက်ရမည်။ ။

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ဦးအောင်မွန်-မဟာဝိဇ္ဇာ

ကျားငေါ်းလဲကိုသတိထား

ကာတွန်း – ရဲမင်းထက်

ရန်ကုန်စီးပွားရေးတက္ကသိုလ် MBA ဘွဲ့ကြို/ဘွဲ့ရများ မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် MBA မိတ်ဆုံစားပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၃ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ ချမ်းထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဆရာဆရာမများနှင့် MBA ဘွဲ့ကြို/ဘွဲ့ရများ တက်ရောက်ရန် နှိုးဆော်ထားသည်။

တက်ရောက်ကြမည့်သူများအနေဖြင့် ဒေါက်တာပြုံးပြုံးဟန် ဖုန်း-၀၉-၅၀-၀၄၂၈၇၊ ကိုမိုးသဲ ဖုန်း-၀၉-၅၁-၈၉၈၈၀၊ မလင်းလင်းတင်ထွန်း ဖုန်း-၀၉-၅၁-၁၈၃၈၈၊ ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာမောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ မသင်းသင်းဆက် ဖုန်း-၀၉-၅၀-၀၁၆၀၀၊ မခင်သက်ခိုင် ဖုန်း-၀၉-၅၀-၄၉၁၃၊ ကိုကျော်သူရ ဖုန်း-၀၉-၅၁-၅၂၃၇၄၊ ဦးအောင်မင်း ဖုန်း-၀၉-၅၀-၇၅၁၈၁၊ ကိုသက်လွင်ရွှေ ဖုန်း-၀၉-၉၉-၂၈၃၁၀၊ ကိုတင်မောင်ဦး ဖုန်း-၀၉-၅၀-၁၇၅၃၁၊ ကိုနေလင်းဇင် ဖုန်း-၀၉-၅၁-၄၈၈၃၉နှင့် ကိုဝင်းထက်မောင်မောင် ဖုန်း-၀၉-၅၀-၁၄၆၂၄တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကူးလူးယှက်နွယ်၊ ကွန်ရက်သဖွယ်၊ ပြည်သူ့အကျိုး၊ သယ်ပိုးကြိုးစား မြန်မာ့မီးရထား

✻ ရှေ့ဖုံးမှ

ယနေ့ကမ္ဘာ၏ လျင်မြန်စွာတိုး တက် လာသော ကူးလူးဆက်သွယ်မှုများကြောင့် အာရှအရှေ့တောင်ပိုင်းနှင့် တောင်ပိုင်းတွင် မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားမှာ ပိုမိုအချက်အချာကျလာကြောင်း တွေ့ရမည်ဖြစ်ပါသည်။ လူဦးရေနှင့် ဈေးကွက်ကြီးမား ကျယ်ပြန့်သောတရုတ်၊ အိန္ဒိယ၊ ဘင်္ဂလား ဒေ့ ရှ် နှင့် အာဆီယံ နိုင်ငံများ အကြားတည် ရှိ ပြီး ၎င်းတို့အချင်းချင်း ကုန်သွယ်ကူးသန်းမည့်လမ်းကြောင်းများ၏ ဗဟိုချက်မအဖြစ်သို့ ရောက်ရှိလာကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းဒေသမှ ပို့ကုန်နှင့် သွင်းကုန်များအတွက် မြန်မာနိုင်ငံကို ဖြတ်သန်းကုန်သွယ်ပို့ဆောင်ခြင်းသည် ခရီးအနီးဆုံးနှင့် စီးပွားရေးတွက်ခြေအကိုက်ဆုံး ဖြစ်ကြောင်း ပေါ်ထွက်လာခဲ့သည်။ ကျောက်ဖြူနှင့် ထားဝယ်တို့တွင် ရေနက်ဆိပ်ကမ်းများကို စတင်တည်ဆောက်မှုနှင့်အတူ စီးပွားရေးနှင့် စက်မှုဖွံ့ဖြိုးရေးဇုန်ကြီးများကိုပါ ဆက်လက်ထူထောင်တော့မည်ဖြစ်ရာ မိမိတို့နိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများကို အရည်အသွေးမီ ထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြှင့်တင်နိုင်ရေးတို့အတွက်လည်းကောင်း၊ မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်များကို ခေတ်မီသိပ္ပံနည်းပညာများနှင့် စီမံခန့်ခွဲမှု အရည်အသွေးများဖြင့် အားဖြည့်မြှင့်တင်နိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှု၊ ဆက်သွယ်မှုနှင့် ဘဏ်လုပ်ငန်းအတွေ့အကြုံများ တိုးတက်လာစေရန်အတွက်လည်းကောင်း၊ အလုပ်အကိုင်သစ်များ ပေါ်ပေါက်စေရန်အတွက်လည်းကောင်း အခွင့်အလမ်းများစွာ ပေါ်ထွက်လာတော့မည်ဖြစ်သည်။

အရှေ့အနောက် ရထားလမ်းများအဖြစ် ဖောက်လုပ်နေသော ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေးရထားလမ်း ၉၅မိုင်၊ ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော) ရထားလမ်းမိုင် ၁၂၀တို့အပြင် သရက်မှ ကျွန်းချောင်း ၁၈၃မိုင်၊ ထားဝယ်မှ မြိတ် ၁၃၂မိုင်၊ မိုးနဲ-ကျိုင်းတုံ ၂၂၆မိုင်၊ ကသာ-ဗန်းမော် ၉၈ မိုင်၊ ရေချမ်းပြင်-အမ်း-မင်းဘူး ၂၄၅ ဒသမ ၅၄မိုင်၊ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း (ဧရာဝတီမြစ်ကူး) ရထားလမ်း ၄၈ မိုင်နှင့် ပုသိမ် (ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၇မိုင်တို့အပါအဝင် ရထားလမ်းမိုင် ၁၂၃၄ဒသမ ၅၄မိုင်ကို ဆက်လက်ဖောက်လုပ်ဆဲဖြစ်။

အခွင့်ကောင်းများ

ယင်းသို့ဖြစ်ပေါ်လာမည့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်မှု အခွင့်အလမ်းများ ပိုမိုကြီးထွားတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်မှုကွန်ရက်များက အထောက်အပံ့ပြုမည်ဖြစ်ရာ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကွန်ရက်များကို ကြိုတင်စီမံဆောက်လုပ်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပေါ်ထွက်လာတော့မည့် အခွင့်ကောင်းများကို လက်ဦးမှုရယူ ဆုပ်ကိုင်မည့် ခြေလှမ်းများပင် ဖြစ်သည်။

ကူးသန်းရောင်းဝယ်

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ ကချင်ပြည်နယ် ဗန်းမော်ဒေသသို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံအထိလည်းကောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့အထိလည်းကောင်း၊ မင်းဘူး၊ အမ်းတို့မှဖြတ်၍ ရခိုင်ပြည်နယ် ကျောက်တော်၊ စစ်တွေသို့လည်းကောင်း ရထားလမ်းများ ဖောက်လုပ်နေသည့်အပြင် ဧရာဝတီအနောက်ခြမ်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုသိမ်-ကြံခင်းရထားလမ်းကို ပခုက္ကူမြို့အထိ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိပါသည်။ ဤပုသိမ်-ကြံခင်း-ပခုက္ကူရထားလမ်းသည် ပခုက္ကူ-ကလေးရထားလမ်းနှင့် ဆက်သွယ်ပေါင်းစည်းတော့မည်ဖြစ်ရာ ဧရာဝတီတိုင်း ပုသိမ်မှသည် ချင်းပြည်နယ်၏ တံခါးဝသဖွယ် ဖြစ်နေသည့် ကလေးမြို့အထိ ရထားခရီးဖြင့်ရောက်ရှိပြီး ဧရာဝတီတိုင်းမှ ဆန်နှင့်စားကုန်များ၊ ချင်းပြည်နယ်မှ လက်ဖက်နှင့် အခြားထွက်ကုန်များ အပြန်အလှန် ကူးသန်းရောင်းဝယ်ဖလှယ်နိုင်တော့မည် ဖြစ်သည်။

တိုးချဲ့ဖောက်လုပ်

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက လူစီးရထား ၂၄၃စင်း၊ ကုန်ရထား ၁၈စင်း၊ စက်ခေါင်း ၂၃၉ခေါင်းသာ ပြေးဆွဲခဲ့ရာမှ ယခုအခါ လူစီးရထား ၄၁၂စင်း၊ ကုန်ရထား ၂၁စင်းနှင့် စက်ခေါင်း ၃၁၉ခေါင်းအထိ တိုးချဲ့ပြေးဆွဲနိုင်သကဲ့သို့ ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းခရီးမိုင် ၁၉၇၆ဒသမ ၃၅မိုင်၊ သံလမ်းမိုင် ၂၇၉၃ ဒသမ ၈၆မိုင်သာ ရှိခဲ့ရာမှ ယခုအခါ ရထားလမ်းသစ်များတိုးချဲ့ဖောက်လုပ်ပေးမှုကြောင့် ၂၀၀၉ခုနှစ် နိုဝင်ဘာလကုန်တွင် ခရီးမိုင် ၃၃၀၅ဒသမ ၆၅မိုင်၊ သံလမ်းမိုင် ၄၄၀၄ဒသမ ၂၂မိုင် ရှိလာပြီဖြစ်ပါသည်။ ထို့အတူ ၁၉၈၈ခုနှစ်မတိုင်မီက ဘူတာရုံပေါင်း ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဘူတာရုံပေါင်း ၈၄၀အထိ လည်းကောင်း၊ ရထား တံတားကြီး/ငယ် စုစုပေါင်း ယခင်က အစင်း ၅၆၅၀သာရှိခဲ့ရာမှ ယခုအခါ ၁၀၆၂၇စင်း အထိလည်းကောင်း ရှိလာပြီဖြစ်သည်။ အရှေ့အနောက် ရထားလမ်းများအဖြစ် ဖောက်လုပ်နေသော ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေး ရထားလမ်း ၉၅မိုင်၊ ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော) ရထားလမ်းမိုင် ၁၂၀တို့အပြင် သရက်မှ ကျွန်းချောင်း ၁၈၃မိုင်၊ ထားဝယ်မှ မြိတ် ၁၃၂မိုင်၊ မိုးနဲ-ကျိုင်းတုံ ၂၂၆မိုင်၊ ကသာ-ဗန်းမော် ၉၈မိုင်၊ ရေချမ်းပြင်-အမ်း-မင်းဘူး ၂၄၅ဒသမ ၅၄မိုင်၊ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း (ဧရာဝတီမြစ်ကူး) ရထားလမ်း ၄၈မိုင်နှင့် ပုသိမ် (ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း ၈၇မိုင် တို့အပါအဝင် ရထားလမ်းမိုင် ၁၂၃၄ဒသမ ၅၄မိုင်ကို ဆက်လက် ဖောက်လုပ်ဆဲဖြစ်ပါသည်။

အစားထိုးလဲလှယ်

ရထားစီးနင်းမှု ညက်ညောစေရန်အတွက် ရထားလမ်း၌ ခွေးမြည့်ပျက်စီးလွယ်သော သစ်သားဇလီဖားအစား ကြိုတင်အားဖြည့် ကွန်ကရစ်

ဇလီဖားများကို အစားထိုးလဲလှယ်ရန် မြစ်ငယ်၊ ပွဲ့တန်ဆာနှင့် မုတ္တမတို့တွင် ခေတ်မီကွန်ကရစ်ဇလီဖားစက်ရုံ သုံးရုံကို ထူထောင်၍ နှစ်စဉ်ကွန်ကရစ်ဇလီဖားတုံး ခြောက်သိန်းခန့် ထုတ်လုပ်လျက် လမ်းပိုင်းများကြံ့ခိုင်ကောင်းမွန်ရေး ဦးစားပေးအဆင့်များအလိုက် လဲလှယ်ပေးလျက်ရှိပါသည်။ **မြန်မာ့မီးရထား၏ လက်ရှိလမ်းအားလုံးတွင် ဇလီဖားတုံး ၁၀၄၅၇၆၁၁တုံး အသုံးပြုထားသည်ဖြစ်ရာ သံလမ်းများ ယခုထက်လျင်မြန်စွာ အရည်အသွေးမြင့်မားလာစေရေးအတွက် ဥသျှစ်ပင် (ပဲခူးတိုင်း)၊ ပခုက္ကူနှင့် ခင်ဦးမြို့ (စစ်ကိုင်းတိုင်း)တို့တွင် တစ်နှစ်လျှင်ကွန်ကရစ်ဇလီဖား ခြောက်သိန်းခန့် ထပ်မံထုတ်လုပ်ပေးနိုင်မည့် စက်ရုံသုံးရုံကို တည်ဆောက်နေပြီ ဖြစ်ပါသည်။ ထပ်မံ၍လည်း မင်းဘူး-**

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းမကြီး၏ မကွေး-ကန်ပြားရထားလမ်းပိုင်းသစ်ရှိ နွားကူး(ပညာရေးကောလိပ်)ဘူတာကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အ

ရထာ
၁၉၈၈ခုနှစ်နှင့်

စဉ်	အကြောင်းအရာ
၁	လူစီးရထားပြေးဆွဲမှု
၂	ကုန်ရထားပြေးဆွဲမှု
၃	စက်ခေါင်း
၄	ရထားလမ်းခရီးမိုင်
၅	သံလမ်းမိုင်
၆	ဘူတာရုံ
၇	ရထားတံတားစုစုပေါင်း
၈	ခရီးသည်ပို့ဆောင်နိုင်မှု တစ်နှစ်(သန်း)
၉	ကုန်တန်ချိန်ပို့ဆောင်နိုင်မှု တစ်နှစ်(သန်း)

မကွေး-ကန်ပြားရထားလမ်

မကွေး-ကန်ပြားရထားလမ်းပိုင်းသစ်တ
တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်

မကွေး ဘူတာ

မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို မကွေး ဘူတာ ဥပစာရှေ့၌ ကျင်းပခဲ့စဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဖောက်လုပ်

စဉ်	ရထားလမ်းပိုင်း
၁	သရက်-ကျွန်းချောင်း
၂	ကသာ-ဗန်းမော်
၃	မိုးနဲ-ကျိုင်းတုံ
၄	ပျော်ဘွယ်-နတ်မောက်-ကန်[illegible]
၅	ထားဝယ်-မြိတ်
၆	ရေချမ်းပြင်-အမ်း-မင်းဘူး
၇	ပုသိမ်(ဘဲဂရက်)-ညောင်တုန်[illegible]
၈	ပြည်(ရွှေတံခါး)-တောင်ငူ(ကေ[illegible]
၉	ဟင်္သာတ-ညောင်တုန်း
	စုစုပေါင်း(ခရီးမိုင်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

ရထားပို့ဆောင်ရေးကဏ္ဍ ၁၉၈၈ခုနှစ်နှင့် လက်ရှိကာလနှိုင်းယှဉ်ချက်

စဉ်	အကြောင်းအရာ	၁၉၈၈	လက်ရှိ	တိုးတက်မှု
၁	လူစီးရထားပြေးဆွဲမှု	၂၄၃	၄၁၂	၁၆၉ စင်း
၂	ကုန်ရထားပြေးဆွဲမှု	၁၈	၂၁	၃ စင်း
၃	စက်ခေါင်း	၂၃၉	၃၁၉	၈၀ စင်း
၄	ရထားလမ်းခရီးမိုင်	၁၉၇၆	၃၃၀၅	၁၃၂၉ မိုင်
၅	သံလမ်းမိုင်	၂၇၉၃	၄၄၀၂	၁၆၀၉ မိုင်
၆	ဘူတာရုံ	၄၈၇	၈၄၀	၃၅၃ ရုံ
၇	ရထားတံတားစုစုပေါင်း	၅၆၅၀	၁၀၆၂၇	၄၉၇၇ စင်း
၈	ခရီးသည်ပို့ဆောင်နိုင်မှု တစ်နှစ်(သန်း)	၄၈.၈	၆၇	၁၈.၂ သန်း
၉	ကုန်တန်ချိန်ပို့ဆောင်နိုင်မှု တစ်နှစ်(သန်း)	၁.၅	၃	၁.၅ သန်း

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲကို ပခုက္ကူဘူတာ ဥပစာရှေ့၌ ကျင်းပစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မကွေး-ကန်ပြားရထားလမ်းပိုင်းသစ်

မကွေး-ကန်ပြားရထားလမ်းပိုင်းသစ်တွင် ပြေးဆွဲသည့် ရထားတစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ယခုအခါ ရန်ကုန်-မန္တလေး စုန်ဆန်ပြေးဆွဲနေသည့် အမှတ်(၂၉) အဆန်၊ အမှတ်(၃၀) အစုန် အထူးအမြန်ရထားများတွင် လေအေးစက်ပါ အိပ်ခန်းတွဲကို ဒီဇင်ဘာလ ၅ရက်နေ့မှစတင်ကာ ချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်းတွင် နေပြည်တော်-မန္တလေး နေ့ချင်းပြန် အမြန်ရထားကို လေအေးစက်ပါ ခေတ်မီတွဲဆိုင်းများဖြင့် ဖွဲ့ဆင်ပြေးဆွဲသွားမည်။ ယခုထပ်မံ ဝယ်ယူထားသော လေအေးစက်ပါ အထက်တန်း လူစီးတွဲများ ရောက်ရှိပါက ရထားခရီးစဉ် အသီးသီးတွင် ချိတ်ဆက်ကာ အဆင့်မြင့်မြင့် အဆင်ပြေစွာ ခရီးသွားနိုင်ရန် စီစဉ်နိုင်တော့မည်။

မကွေး ဘူတာ

မကွေး-ကန်ပြား ရထားလမ်းပိုင်းသစ်ဖွင့်ပွဲကို မကွေးဘူတာ ဥပစာရှေ့၌ ကျင်းပခဲ့စဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ဖောက်လုပ်ဆဲ ရထားလမ်းသစ်များ

စဉ်	ရထားလမ်းပိုင်း	ခရီးမိုင်
၁	သရက်-ကျွန်းချောင်း	၁၈၃.၀၀
၂	ကသာ-ဗန်းမော်	၉၈.၀၀
၃	မိုးနဲ-ကျိုင်းတုံ	၂၂၆.၀၀
၄	ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေး	၉၅.၀၀
၅	ထားဝယ်-မြိတ်	၁၃၂.၀၀
၆	ရေချမ်းပြင်-အမ်း-မင်းဘူး	၂၄၅.၅၄
၇	ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)	၈၇.၀၀
၈	ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်	၁၂၀.၀၀
၉	ဟင်္သာတ-ညောင်တုန်း	၄၈.၀၀
	စုစုပေါင်း(ခရီးမိုင်)	၁၂၃၄.၅၄

ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းသစ်စီမံကိန်း

စဉ်	လမ်းပိုင်း	ခရီးမိုင်
၁	ပဲခူး-ခရမ်း-သုံးခွ-သန်လျင်(အုတ်ဖိုစု)	၆၇.၂၅
၂	လားရှိုး-မူဆယ်	၁၄၅.၀၀
၃	ကလေး-တမူး	၈၄.၃၅
	စုစုပေါင်း (ခရီးမိုင်)	၂၉၆.၆၀

အမ်း-စစ်တွေရထားလမ်းပိုင်းအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မင်းဘူး)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရထားလမ်းများအတွက် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ရွှေညောင်)တို့ကို တည်ဆောက်သွားမည်ဖြစ်ရာ ထိုစက်ရုံ နှစ်ရုံ ပြီးစီးပါက တစ်နှစ်လျှင် နောက်ထပ် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံး လေးသိန်းခန့် ထပ်မံထုတ်လုပ်နိုင်မည် ဖြစ်သည်။

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကဏ္ဍတွင် ၁၉၈၈ခုနှစ်က ခရီးသည် ဦးရေ ၄၈ဒသမ ၈သန်းနှင့် ကုန်တန်ချိန် ၁ဒသမ ၅သန်းကိုသာ သယ်ဆောင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ခရီးသည်ဦးရေ ၆၇သန်းနှင့် ကုန်တန်ချိန် သုံးသန်းခန့် သယ်ဆောင်နိုင်ပြီ ဖြစ်ပါသည်။

အထောက်အကူပြု

နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာလျှင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း (transport corridor) တစ်ခု ဖြစ်ပေါ်လာသည်နှင့် ထိုလမ်းကြောင်းတစ်လျှောက်တွင် စီးပွားရေးလုပ်ငန်းများ လှုပ်ရှားဖြစ်ပေါ်လာပြီး ကျန်းမာရေး၊ ပညာရေး အစရှိသည်များ ကောင်းမွန်တိုးတက်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင် အထောက်အကူပြုသဖြင့် စီးပွားရေးစင်္ကြံများ (economic corridor) အဖြစ်သို့ ပြောင်းလဲတိုးတက်လာသည့် သာဓကများ ရှိခဲ့ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး
(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုသတင်းဆောင်းပါး

စာမျက်နှာ ၉ မှ

၄င်းသာခေများအတိုင်း ရထားလမ်းများအပါအဝင် ဆက်သွယ်မှုလမ်းကြောင်းများသည် စီးပွားရေးဖွံ့ဖြိုးရာ နယ်မြေများအဖြစ်သို့ ရောက်ရှိလျက် ပြည်သူတို့၏ စားဝတ်နေရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးကို အထောက်အကူပြုမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိပြီး မြစ်ချောင်းများ၊ တောင်တန်းများကလည်း အတားအဆီး၊ အကာအရံများသဖွယ် ဖြစ်နေသည့်အတွက် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု၌ ကန့်သတ်ချက်ရှိကာ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုတွင် အားနည်းခဲ့ရပါသည်။ ယင်းအားနည်းချက်ကို အခွင့်ကောင်းယူကာ ကိုလိုနီနယ်ချဲ့တို့က နည်းလမ်းမျိုးစုံအသုံးပြု၍ ထပ်မံသွေးခွဲသွားခဲ့ပြန်ရာ တိုင်းရင်းသားညီအစ်ကို အချင်းချင်းအတွင်း တစ်ဦးအပေါ်တစ်ဦး သံသယပွားနားလည်မှုများ လွဲမှားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ကြရပြီး ဖြစ်သည်။

ချစ်ခင်မှုများတိုးပွားလာ

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကွန်ရက်များ တိုးပွားလာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား စီးပွားရေး၊ လူမှုရေးအရ ကူးလူးသွားလာဆက်ဆံမှု များပြားလာမည်ဖြစ်၍ ရင်းနှီးမှု၊ စာနာမှု၊ ချစ်ခင်မှုများ တိုးပွားလာပြီး ယင်းမှတစ်ဆင့် ရပ်ရွာအေးချမ်းသာယာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်မှာ မလွဲဧကန်ပင် ဖြစ်ပေသည်။

နိုင်ငံတော်အကြီးအကဲ၏ ရထားပို့ဆောင်ရေးကဏ္ဍ တိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ပံ့ပိုး ဖြည့်ဆည်းပေးမှုများကြောင့် ပြည်တွင်း၌ စက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများ အစအဆုံး တည်ဆောက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေ ကြိုးစားဆောင်ရွက်လျက်ရှိရာ ၁၉၈၈ခုနှစ်မှ ယနေ့အထိ စုစုပေါင်း လူစီးတွဲ ၅၉၁တွဲ၊ ကုန်တွဲ ၃၇၃တွဲတို့ကို တည်ဆောက်နိုင်ခဲ့သည်။ စက်ခေါင်း တည်ဆောက်ရေးတွင် ဆက်စပ်ပစ္စည်းများဖြင့် စက်ခေါင်းပြန်လည် တည်ဆောက်ခြင်း သုံးခေါင်းနှင့် နည်းပညာများရရှိရန် စမ်းသပ်တည်ဆောက်ခြင်း စက်ခေါင်းသုံးခေါင်း တည်ဆောက်ပြီးဖြစ်ပါသည်။ ယခုအခါ အဓိကလိုအပ်သော စက်ခေါင်းအင်ဂျင်၊ အင်ဂျင်ဖြင့်တွဲဖက်၍ လျှပ်စစ်ထုတ်ပေးမည့် ဂျင်နရေတာနှင့် ရထားဘီးများကို လည်ပတ်စေသည့် ရထားမောင်းနှင်မော်တာ စသည်တို့အား ဝယ်ယူပြီး ပြည်တွင်း၌ ထုတ်လုပ်နိုင်သော စက်မှုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ၊ ပြည်တွင်း၌တည်ဆောက်နိုင်သော စက်ခေါင်း သံဖရိန်၊ စက်ခေါင်းကိုယ်ထည် စသောပစ္စည်းများကို ပေါင်းစပ်ကာ စက်ခေါင်းသစ် ခြောက်ခေါင်းကို အစအဆုံး တည်ဆောက်လျက်ရှိရာ ပထမစက်ခေါင်းမှာ ယခု ဒီဇင်ဘာလအတွင်း ပြီးစီးပြီဖြစ်ကာ နောက်ထပ်စက်ခေါင်းငါးခေါင်းကိုလည်း ၂၀၁၀ခုနှစ် ဖွန်လမတိုင်မီ တည်ဆောက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲ ခုတ်မောင်းလာစဉ်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စွမ်းအားပြည့်အသုံးပြုနိုင်

စက်ခေါင်း၊ တွဲပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် လိုအပ်သော အရန်ပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများက ထုတ်လုပ်နိုင်စေရေး ရည်ရွယ်လျက် ၁၉၉၂ ခုနှစ်မှ စတင်၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြင်ပရှိပညာရှင်များ၊ တက္ကသိုလ်နှင့် လုပ်ငန်းဌာနများရှိ ပညာရှင်များ၊ အတွေ့အကြုံရှိသူများအား အကြိမ်ကြိမ် ဖိတ်ခေါ်ဆွေးနွေးကာ လုပ်ငန်းအပ်နှံခြင်း၊ စမ်းသပ်ထုတ်လုပ်စေခြင်းများ ဆောင်ရွက်စေခဲ့သည်။ ရထားသုံး စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း အမယ်ပေါင်း ၆၆၆မျိုးကို တီထွင်ထုတ်လုပ် အသုံးပြုနိုင်ခဲ့ခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ဝင်ငွေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေခဲ့ပြီး မြန်မာ့မီးရထားအနေဖြင့်လည်း အရန်ပစ္စည်းများ တန်ဖိုးသက်သာစွာဖြင့် ရရှိခြင်း၊ အရန်ပစ္စည်းစောင့်ဆိုင်းရချိန် လျှော့ချနိုင်ခြင်း စသည်တို့ကြောင့် စက်ခေါင်းနှင့်တွဲများကို စွမ်းအားပြည့် အသုံးပြုနိုင်ရေးတွင် အထောက်အကူဖြစ်စေခဲ့ပါသည်။

၅-၁၂-၂၀၀၉ ရက်နေ့က အင်းစိန်စက်ခေါင်းစက်ရုံ၌ စက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲတည်ဆောက်မှုလုပ်ငန်းများတွင် လိုအပ်သော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်း ၄၁၈မျိုးကို ထပ်မံခင်းကျင်းပြသကာ ပြည်တွင်းလုပ်ငန်းရှင်များအား ထုတ်လုပ်စေရန် ဖိတ်ခေါ်ခြင်း၊ အကျိုးရှိထိရောက်သော တီထွင်မှုများနှင့် အကြံဉာဏ်ကောင်းပေးခဲ့ကြသည့် ပညာရှင်များနှင့် လုပ်ငန်းရှင်ကိုးဦးကို အသိအမှတ်ပြုဒိုင်းဆုနှင့် ချီးမြှင့်ငွေပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ရထားပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်မှုအရှိန်မြှင့်လာပြီး အထူးသဖြင့် မြန်မာ့မီးရထားသုံး ရော်ဘာစက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းအားလုံးနီးပါးကို ထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။ မကြာမီကာလတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများဖြစ်ကြသော သာဂရာဘက်စုံသုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်ပေးမည့် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဆင်တဲ၊ မလွန်၊ ညောင်ခြေထောက်နှင့် မြိုင်ရှိ စက်ရုံများက ထုတ်လုပ်ပေးမည့် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို သုံးစွဲ၍ လည်းကောင်း ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး၍ စက်ခေါင်းထုတ်လုပ်ရန် အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်ဆင်ပြေးဆွဲ

ယခုအခါ ရန်ကုန်-မန္တလေး စုန်ဆန်ပြေးဆွဲနေသည့် အမှတ်(၂၉)အဆန်၊ အမှတ်(၃၀) အစုန် အထူးအမြန်ရထားများတွင် လေအေးစက်ပါ အိပ်ခန်းတွဲကို ဒီဇင်ဘာလ ၅ရက်နေ့မှ စတင်ကာ ချိတ်ဆက်ပြေးဆွဲလျက်ရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်းတွင် နေပြည်တော်-မန္တလေး နေ့ချင်းပြန် အမြန်ရထားကို လေအေးစက်ပါ ခေတ်မီတွဲဆိုင်းများဖြင့် ဖွင့်ဆင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုထပ်မံ ဝယ်ယူထားသော လေအေးစက်ပါ အထက်တန်းလူစီးတွဲများ ရောက်ရှိပါက ရထားခရီးစဉ် အသီးသီးတွင် ချိတ်ဆက်ကာ အဆင့်မြင့်မြင့် အဆင်ပြေစွာ ခရီးသွားနိုင်ရန် စီစဉ်နိုင်တော့မည် ဖြစ်ပါသည်။

"ကူးလူးယှက်နွှယ်၊ ကွန်ရက်သဖွယ်၊ ပြည်သူ့အကျိုး၊ သယ်ပိုးကြိုးစား မီးရထား"ဆိုသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကြိုးပမ်းနေသည့် မြန်မာ့မီးရထား၏ ကြိုးပမ်းမှု ဖြစ်စဉ်ဖြစ်ရပ်များအား တစေ့တစောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။

မကြာမီကာလတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများဖြစ်ကြသော သာဂရာဘက်စုံသုံး အင်ဂျင်ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်ပေးမည့် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဆင်တဲ၊ မလွန်၊ ညောင်ခြေထောက်နှင့် မြိုင်ရှိ စက်ရုံများက ထုတ်လုပ်ပေးမည့် စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို သုံးစွဲ၍လည်းကောင်း ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး၍ စက်ခေါင်းထုတ်လုပ်ရန် အရှိန်မြှင့်တင်သွားမည်။

နေပြည်တော်ဘူတာသစ်

ခရီးသွား တိုင်းရင်းသားပြည်သူများ နိုင်ငံတစ်ဝန်းသို့ နေပြည်တော်မှတစ်ဆင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်သော နေပြည်တော်ဘူတာသစ်ကြီးကို ဤသို့ တည်ဆောက်ထားသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်နှင့် စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၂၇ရက် နံနက်ပိုင်းက မြို့လုလင်မြို့၌ ဖွင့်လှစ်ထားသော မြန်မာ့အထည်အလိပ်လုပ်ငန်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင်သို့ရောက်ရှိပြီး ဝါတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဝါဝယ်ယူမှုအခြေအနေ၊ ဝါဝယ်ယူရေးတွင် အစိုဓာတ်တိုင်းတာစစ်ဆေးမှုနှင့် ဝယ်ယူပြီးဝါများအား စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း တောင်တွင်းကြီး ဝါကြိတ်စက်ရုံ၌ ဖွင့်လှစ်ထားသော ငွေချည်(၆)ချည်မျှင်ရှည်ဝါအဝယ်ဒိုင်၏ ဝါဝယ်ယူမှု၊ အရည်အသွေးစစ်ဆေးနေမှုနှင့် စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို လည်းကောင်း၊ ဝါကြိတ်စက်ရုံ၌ သန့်စင်ပြီး ငွေချည်(၆) ချည်မျှင်ရှည်ဝါများ ခွဲခြားသိုလှောင်မှုနှင့် ဝါကြိတ်ခွဲမှု လုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြင်းနှင့် သိုးမွေးမြူရေးစီမံကိန်း(ရန်ပယ်)၌ မြင်းများ စနစ်တကျ မွေးမြူထားရှိမှု၊ ပေါက်ဖွားမှု၊ မြင်းဖောင်း၌ မြင်းများ စနစ်တကျ လှတ်ကျောင်းထားမှုတို့ကိုလည်းကောင်း၊ သိုးမွေးမြူရေးခြံ၌ မွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မွေးမြူထားသော မျိုးကောင်းမျိုးသန့်သိုးများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ နှစ်စဉ်လိုအပ်သော မြွေဆိပ်ဖြေဆေး ဖြည့်ဆည်းနိုင်ရေးအတွက် လိုအပ်သောဆေးဝါးသုံး မြင်းနှင့် သိုးများကို တိုးချဲ့မွေးမြူကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)၌ ကုန်ကြမ်းပစ္စည်းများ၊ ကုန်ချောပြောင်းဖူးကော်မှုန့်၊ ပြောင်းဖူးဆီနှင့် ပြောင်းဖူးထွက် ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဓာတ်ခွဲခန်း၌ ဆေးဝါးသုံး အဆင့်မြင့်ကော်မှုန့် ထုတ်လုပ်မှု၊ ပြောင်းဖူးဆီ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် ဝါစေ့ဆီကြိတ်ခွဲ ထုတ်လုပ်မှု လုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ကြရန် မှာကြားခဲ့သည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်ရေးအတွက် ချမှတ်ထားသော ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးစုံညီပွဲတော်

နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့။

၂၀၁၀ခုနှစ်၊ ဇန်နဝါရီလ ၁ရက်မှ ၃ရက်

SCHOOL FAMILY DAY

1-3 January, 2010

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၀၉ ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) အားကစားကွင်း၌ ကျင်းပရာ တပ်မတော်(ရေ)အသင်းက ကာကွယ်ရေးဝန်ကြီးဌာန (စခန်းမှူးရုံး)အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံ စက်မှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ခေါင်းဆောင်သည့် မြန်မာစက်မှုကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ စက်မှုကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆောင်ရွက်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံသို့ ဒီဇင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ သွားရောက်ခဲ့သည်။

ကြည့်ရှုလေ့လာ

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၀ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ ဂျမ်ရှပူးမြို့သို့ရောက်ရှိ၍ Ta Ta Motors Co.,Ltd. မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး Ta Ta Heavy Turbo Trucks စက်ရုံသို့သွားရောက်ကာ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Ta Ta Motors မှ ထုတ်လုပ်သည့် မော်တော်ယာဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

မြန်မာစက်မှု ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် ဒီဇင်ဘာ ၂၁ရက်တွင် နယူးဒေလီမြို့၌ အိန္ဒိယသမ္မတနိုင်ငံ Ministry of External Affairs ဝန်ကြီး H.E.Mr. SM Krishna နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ Ministry of Heavy Industries and Public Enterprises ဝန်ကြီး H.E.Mr. Vilasrao Deshmukh နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စက်မှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် ဒီဇင်ဘာ ၂၂ရက်တွင် နယူးဒေလီမြို့တော် City Transport Corporation ဥက္ကဋ္ဌက ပြသသော သယ်ယူပို့ဆောင်ရေးကိစ္စများ ဆောင်ရွက်နေသည့် Ta Ta City Bus များကို ကြည့်ရှုခဲ့သည်။ ထို့အပြင် ပုဂ္ဂလိကစက်မှုသင်တန်းကျောင်း စီမံကိန်း၌ ဆောင်ရွက်နေသော Hindustan Machine Tools International Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြန်လည်လိုက်ပါ

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးသော်တာပုနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သက်မျိုးတို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် ဒီဇင်ဘာ ၂၈

အစွရေး မျက်စိအထူးကုဆရာဝန်ကြီးများ စေတနာအပြည့်နဲ့ ခွဲစိတ်ကုသပေးခဲ့လို့ မျက်စိအလင်း ပြန်လည်ရရှိခဲ့သော မြန်မာနိုင်ငံရှိ မျက်စိဝေဒနာရှင်များ ဝမ်းသာပီတိဖြစ်ခဲ့ရသတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

တရုတ်စီးပွားရေးဘဏ်နှစ်ခုအား မြန်မာနိုင်ငံတွင် မကြာမီဖွင့်လှစ်လို၊ ပထမပုဂ္ဂလိကဘဏ် အထွေထွေမန်နေဂျာ ဦးမြင့်ဇော်နှင့်တွေ့ဆုံခြင်း၊ မှတ်ပုံတင်မည့် မော်တော်ဆိုင်ကယ်များ နှစ်လကျော်ပါက ဒဏ်ကြေးငွေပေးဆောင်ရမည်၊ ပြည်တွင်းဖြစ်ဂျစ်ကားထုတ်လုပ်မှု ဈေးကွက်ပျောက်နေ၊ ဘင်္ဂလားဒေ့ရှ်-ထိုင်းနိုင်ငံတို့နှင့်အပြိုင် အထည်ချုပ်၏ စက်ရုံများလုပ်နိုင်ရန် လိုအပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့နှင့် ယူနန်ပြည်နယ် ကျယ်ခေါင်မြို့တို့ နယ်စပ်ဖြတ်ကျော်ရထားလမ်း ဖောက်လုပ်မည်ဖြစ်၊ ယုံကြည်စိတ်ချရဆုံး အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူရင်းနှီးမြှုပ်နှံသင့်၊ သီရိလင်္ကာနိုင်ငံက မြန်မာ၊ ဗီယက်နမ်၊ ပါကစ္စတန်နိုင်ငံများမှ ဆန်များဝယ်ယူရန် ကမ်းလှမ်းထား၊ ဧရာဝတီဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက ဖျာပုံမြို့နယ်ရှိ လယ်သမားများကို မိုးစပါးစိုက်ပျိုးရန် ငွေကျပ်သိန်း ၅၀၀၀ ထုတ်ချေးခဲ့၊ မော်တင်စွန်းဘုရားပွဲတော်တွင် ဆိုင်ခန်းများအား လေလံစနစ်ဖြင့်စတင်၊ မြန်မာနိုင်ငံအနှံ့ရှိဆိုင်များတွင် စားသောက်ခွင့်နှင့်သက်ဆိုင်သည့် စည်းရုံးဟောပြောခြင်းများဆောင်ရွက်မည်၊ ခင်ပွန်းဖြစ်သူနှင့် တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်သော ခိုင်နှင်းဝေ၏ ရင်တွင်းစကားသံများ၊ သက်မွန်မြင့်နှင့် တွေ့ဆုံခြင်း၊ မြန်မာနိုင်ငံက နိုင်ငံခြားတိုင်းပြည်များသို့ ဆန်များတိုးချဲ့တင်ပို့သွားမည်၊ အဲပုဂံလေကြောင်းလိုင်း ရန်ကုန်မှ ထိုင်းနိုင်ငံ ချင်းမိုင်သို့ ခရီးစဉ်တိုးချဲ့ပြေးဆွဲမည်ဖြစ်သော်လည်း ယာယီကာလအဖြစ်သာ သတ်မှတ်ပြေးဆွဲမည်ဖြစ်၊ ညအိပ်ရပ်နားထားသည့် ကားနှစ်စီးကို သော့အတုဖြင့်ဖွင့်၍ ခိုးယူမောင်းနှင်သူနှစ်ဦးကို ဖမ်းဆီး၊ ပန်းဘဲတန်းမြို့နယ်အတွင်း ရွှေထည်ပစ္စည်း သိန်း ၂၃၀ ကျော်ဖိုး လာရောက်ရောင်းချသူသုံးဦးအား စုံစမ်းခဲ့ရာမှ ခိုးမှုများပေါ်ပေါက်၊ အိမ်ဖြူတော်သက်တမ်း တစ်နှစ်တာကာလအတွင်း အိုဘားမား၏ လှုပ်ရှားမှုပုံရိပ်များ၊ အီရန်နိုင်ငံတွင်ရောက်ရှိနေသည့် ဘင်လာဒင်မိသားစုများကြောင့် အီရန်နှင့် ဆော်ဒီအာရေဗျဆက်ဆံရေး တင်းမာမှုဖြစ်ပေါ်လာနိုင်၊ ခရစ္စမတ်ညမှာ အမေရိကန်လေယာဉ်ကို အသေခံဗုံးဖောက်ခွဲဖို့ ကြိုးစားခဲ့တဲ့ အယ်လ်ကေဒါ၊ စစ်စတင်တိုက်ခိုက်ရေးအာဏာ ရုရှားသမ္မတရရှိ၊ အမေရိကန်၏ စစ်မဟာဗျူဟာကို ပြန်လည်သုံးသပ်ခြင်းစသည့် နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် သာယာနေမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ချယ်လ်ဆီးတို့ လက်ဆောင်ဂိုးဖြင့် သုံးမှတ်ရ စပါးတို့ အိမ်ကွင်း၌ ကံကောင်းစွာ နိုင်ပွဲရ

ဖောင်ဗိုတ်ပရီမီယာလိဂ်သတင်း ➢ ရေးသူ - မောင်ချစ်ကြည်

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၁၉)ကို ဒီဇင်ဘာ ၂၆ရက်နှင့် ၂၇ရက်များက ကစားခဲ့ပြီး နားရက်မယူဘဲ ပွဲစဉ်(၂၀)ကို ဒီဇင်ဘာ ၂၈ရက်၌ ပွဲစဉ်ငါးပွဲ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်

သရေပွဲများ ဆက်တိုက်ကြုံတွေ့နေရသည့် ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ကစားရသော်လည်း ဒရော့ဘာ၊ ကာလူး၊ ဘောလက်၊ လမ်းပတ်၊ တယ်ရီ စသည့် အဓိက ကစားသမားများ ပွဲထုတ်ကာ ဖူလ်ဟမ်ကို အနိုင်ရရှိရေး ကြိုးစားခဲ့သည်။ သို့သော် ပွဲအစ လေးမိနစ်မှာပင် ဇာမိုရာ ခေါင်းဖြင့်ချပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ဂီရာက ဂိုးဧရိယာအတွင်း အနီးကပ် ကန်သွင်းယူခဲ့သဖြင့် ဖူလ်ဟမ်တို့ အဖွင့်ဂိုး စောစီးစွာ ရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ပထမပိုင်းပွဲချိန်အတွင်း ချေပဂိုး မသွင်းနိုင်ဘဲရှိရာ ၇၃မိနစ်၌ အီဗန်နိုဗစ်ဖြတ်ပေးလိုက်သည့် ဘောလုံးကို ခြောက်ကိုက်အကွာမှ ဒရော့ဘာ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဆက်တိုက်ထိုးဖောက်ကစားခဲ့ရာ ၇၅မိနစ်၌ ဖူလ်ဟမ်မှ အက်မယ်လင်း ဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ လက်ဆောင်ဂိုး ရရှိခဲ့သည်။ ပွဲအပြီး ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိသဖြင့် အဖိုးတန် သုံးမှတ်ရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်တို့ပွဲတွင် ချယ်လ်ဆီးမှ ဖရဲယား(ဝဲ)နှင့် ဖူလ်ဟမ်မှ ဒမ်ပဆေးတို့ ဘောလုံးရရှိရေး ဤသို့ ကြိုးစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဲဗာတန်နှင့် ဘန်လေ

အဲဗာတန်တို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဧည့်သည် ဘန်လေတို့က အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့မှုကြောင့် အပိုင်ဂိုးသွင်းခွင့်မရဘဲ ဖြစ်နေခဲ့သည်။ ဘန်လေမှ ဂျော်ဒန် ၆၂မိနစ်၌ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရပြီးနောက် အဲဗာတန်တို့ ဖိကစားခဲ့ရာ ၈၃မိနစ်၌ ဗက်ဟန်နှင့် မိနစ် ၉၀ ၌ ပီနာရာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့သဖြင့် အဲဗာတန်တို့ နှစ်ဂိုးပြတ်ဖြင့်အနိုင်ရပြီး အိမ်ကွင်း၌ သုံးမှတ်အပြည့် ရရှိခဲ့ခြင်းဖြစ်သည်။

စပါးနှင့် ဝက်စ်ဟမ်း

စပါးတို့အိမ်ကွင်း၌ ခရော့ချ်၊ ဒီဖိုး၊ လီနွန်နှင့် မိုဒရစ်စသည့် အဓိက ကစားသမားများဖြင့် ဖိဖိစီးစီးကစားခဲ့ရာ ဧည့်သည်ဝက်စ်ဟမ်းတို့ ၁၁မိနစ်၌ပင် ဂိုးပေးခဲ့ရသည်။ ယင်းဂိုးကို မိုဒရစ်က ဂိုးဧရိယာအတွင်းမှ အနီးကပ် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ စပါးတို့ ဝက်စ်ဟမ်းနောက်တန်းကို ၂၄ကြိမ်ထိုးဖောက်နိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သည်။ ၈၁မိနစ်၌ စပါးတိုက်စစ်မှူး ဒီဖိုးက ပယ်နယ်တီဧရိယာအတွင်းမှ အနီးကပ် ကန်သွင်းယူခဲ့သဖြင့် စပါးတို့ ဒုတိယဂိုးရရှိခဲ့သည်။ ဝက်စ်ဟမ်းတို့ ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့ဖြင့် စပါးတို့ အနိုင်ရလဒ်ကို ပွေ့ပိုက်အောင်ပွဲခံနိုင်ခဲ့သည်။

ဘလက်ဘန်းနှင့် ဆန်းဒါးလန်း

ဘလက်ဘန်းတို့ အိမ်ကွင်း၌ သရေပွဲကျအောင် ကြိုးစားခဲ့ရသည်။ ဆန်းဒါးလန်းတို့က အနိုင်ရရှိရေး ထိုးဖောက်ကစားခဲ့ရာ ၅၂မိနစ်၌ ဒါရင်ဘင့်က ဆန်းဒါးလန်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော် ဘလက်ဘန်းအတွက် ချေပဂိုးကို ၅၃မိနစ်၌ ပီဒါဆင်က သွင်းယူပေးခဲ့သည်။ ၆၅မိနစ်၌ ဆန်းဒါးလန်းအတွက် ဒါရင်ဘင့်ကပင် ဒုတိယဂိုး သွင်းယူပေးခဲ့သော်လည်း ဒီအော့ဖ်က ၇၇မိနစ်၌ ဘလက်ဘန်းအတွက် ချေပဂိုး ပြန်သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြခြင်းဖြစ်သည်။

အခြားပွဲရလဒ်

စတုတ် ၀ - ၁ ဘာမင်ဂမ်

ကိုးကား-အင်တာနက်

နိုင်ပွဲတွေ မဖြစ်မနေ လိုအပ်နေပြီ ကစားသမားတွေ ယုံကြည်မှုနည်းနေတယ်

ဖာဂူဆန်

အန်ဆယ်လော့တီ

ရေးသားသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း

"ကျွန်တော်တို့ နိုင်ပွဲတွေ မဖြစ်မနေလိုအပ်နေပြီ"
နည်းပြ ဖာဂူဆန်

လန်ဒန် ဒီဇင်ဘာ ၂၈

ပရီမီယာလိဂ်ပွဲစဉ် (၁၉)ယှဉ်ပြိုင်ကစားခဲ့ကြပြီးနောက် တန်းစီဇယားထိပ်ဆုံးမှ ချယ်လ်ဆီးတို့သာ သရေပွဲဖြစ်ခဲ့ပြီး ကျန်ထိပ်တန်း အသင်းများ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။ ပွဲအပြီး ထိပ်တန်းအသင်းများ၏ နည်းပြတို့၏ ဖွင့်ဟစကားများကို ဖော်ပြလိုက်ပါသည်-

ဖာဂူဆန် (မန်ယူ)

"ပထမပိုင်း ပွဲချိန်ပြီးခါနီးမှ ဂိုးသွင်းနိုင်ခဲ့တာကတော့ ဟူးလ်စီးတီး နောက်တန်း ခံစစ်မှူးတွေ ကောင်းလို့ပါပဲ။ ဒုတိယပိုင်းမှာ တိုက်စစ်ကို တွန်းကစားခိုင်းခဲ့တာမို့ ဂိုးတွေရရှိခဲ့တာပါ။ ရွန်နေ အမှားတွေရှိခဲ့ပေမယ့် ဒီပွဲမှာ အကောင်းဆုံးကစားသွားနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ပွဲတွေ မဖြစ်မနေ လိုအပ်နေပြီလို့ ကစားသမားတွေကို အဝတ်လဲခန်းမှာ တွန်းအားပေးခဲ့ပါတယ်။ ဒါကြောင့် အကောင်းဆုံးရလဒ်ကို ကျွန်တော်တို့ ရရှိခဲ့တာလို့ ယုံကြည်ပါတယ်။ မန်ယူဟာ ပွဲတိုင်း အနိုင်ရဖို့ ကြိုးစားသွားမှာပါ"ဟု ဟူးလ်စီးတီးကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရယူခဲ့သည့် မန်ယူနည်းပြ ဖာဂူဆန်က ဖွင့်ဟသွားသည်။

မန်စီနီ (မန်စီးတီး)

"ပရီမီယာလိဂ် နည်းပြသစ်တစ်ဦးရဲ့ ပထမဆုံးအောင်ပွဲပါပဲ။ မန်စီးတီးကို နိုင်ပွဲနဲ့ စတင်နိုင်ခဲ့လို့ အောင်မြင်မှုတွေရအောင် ဆောင်ကြဉ်းပေးဖို့အတွက် ယုံကြည်မှုတွေ ပိုပြီးခိုင်မာလာခဲ့ပါပြီ။ ကစားသမားကောင်းတွေ အသင့်ရှိနေတဲ့ မန်စီးတီးကို ပရီမီယာလိဂ်မှာ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမှာ ကျွန်တော့်တာဝန်ပါပဲ။ မန်စီးတီးဟာ နိုင်ပွဲတွေနဲ့ ထိုက်တန်တဲ့ ခြေစွမ်းရှိပါတယ်။ စတုတ်အသင်းဟာ အသင်းကောင်းတစ်သင်းပါ၊ ကျွန်တော်တို့ လွယ်လွယ်ကူကူ အနိုင်ရခဲ့တာတော့ မဟုတ်ပါဘူး"ဟု စတုတ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် မန်စီးတီးနည်းပြ မန်စီနီက ပြောကြားသည်။

အာစင်ဝင်းဂါး(အာဆင်နယ်)

"ဒီပွဲမှ ဖာဘရီဂတ်စ်ရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြုရမှာပါ။ ဒုတိယပိုင်းမှာ ကျွန်တော့်လူတွေရဲ့ ကြိုးစားအားထုတ်မှု ပိုပြီး ပီပြင်ခဲ့တယ်။ ဖာဘရီဂတ်စ် ပထမဂိုး သွင်းယူလိုက်ကတည်းက ကျွန်တော်တို့ နိုင်ပြီဆိုတာ ယုံကြည်လိုက်ပါတယ်။ ဗီလာရဲ့ ကစားပုံကလည်း ကျွန်တော်တို့ကို ခြိမ်းခြောက်နိုင်ခဲ့တာ ပါပဲ။ ဒီပွဲအနိုင်ရလိုက်တာဟာ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ကို ပိုပြီး ခိုင်မာ လာစေပါတယ်"ဟု ဗီလာကို အိမ်ကွင်း၌ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည့် အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။

အန်ဆယ်လော့တီ (ချယ်လ်ဆီး)

"ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံး ကစားသွားကြတာပါ။ သူတို့ရဲ့ ကြိုးစားအားထုတ်မှုအပေါ် ဘာမှပြောစရာ မရှိပါဘူး။ ဂိုးသွင်းခွင့်တွေလည်း အများကြီးရရှိခဲ့တာ မြင်တဲ့အတိုင်းပါပဲ။ ဒီပွဲမှာ ကျွန်တော်တို့ ဂိုးမသွင်းနိုင်ခဲ့တာဟာ ဘာမင်ဂမ်ဂိုးသမား ဂျိုးဟတ် လက်စွမ်းပြ

"ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေ အကောင်းဆုံး ကစားသွားကြတာပါ"
အန်ဆယ်လော့တီ

နိုင်ခဲ့လို့ ဖြစ်ပါတယ်။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော့်ကစားသမားတွေ ယုံကြည်မှု နည်းနေကြတယ်။ ပွဲတိုင်း အနိုင်ကစားမယ်ဆိုတဲ့စိတ်ဓာတ် နည်းနည်းကျဆင်းနေတယ်။ နောက်ပွဲတွေမှာ အဲဒီစိတ်ဓာတ် မရှိအောင် ပြုပြင်သွားရမယ်"ဟု ဘာမင်ဂမ်ကို ဂိုးမရှိသရေပွဲဖြစ်ခဲ့သည့် ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက ဖွင့်ဟသွားသည်။

"ပရီမီယာလိဂ် နည်းပြသစ်တစ်ဦးရဲ့ ပထမဆုံး အောင်ပွဲပါပဲ"
နည်းပြ မန်စီနီ

ဘင်နီတက်ဇ်(လီဗာပူး)

"အနိုင်ရသင့်တဲ့ပွဲကို အနိုင်ရအောင် ကစားခဲ့တာပါ။ ဘယ်လိုပဲဝေဖန် ပြစ်တင်မှုတွေရှိနေပေမယ့် ကျွန်တော်နဲ့ ကျွန်တော့် ကစားသမားတွေ ပွဲတိုင်း ရလဒ်ကောင်းအောင် ကြိုးစားနေပါတယ်။ လီဗာပူးဟာ နှစ်တိုင်း ထိပ်သီးလေးသင်း စာရင်းဝင်ခဲ့တာချည်းပါပဲ။ လာမယ့် ပွဲစဉ်တွေမှာ ရလဒ်ကောင်းအောင် ကစားသမားသစ်တွေနဲ့ ဖြည့်ဆည်းရဦးမှာပါ" ဟု ဝူလ်ဗာဟမ်တန်ကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။ ။

ကိုးကား-အင်တာနက်

၂၀၀၉ခုနှစ်၏ ကမ္ဘာ့အကောင်းဆုံး အားကစားသတင်း ၁၀ပုဒ်

မြင့်မောင်စိုး
စုစည်းသည်

ပေါ်တူဂီဘောလုံးကြယ်ပွင့် စီရိုနယ်ဒို။

ပေကျင်း ဒီဇင်ဘာ ၂၈

၂၀၀၉ခုနှစ်၏ စိတ်ဝင်စားဖွယ် အကောင်းဆုံး အားကစားသတင်း ၁၀ပုဒ်ကို ဆင်ဟွာသတင်းဌာနက ရွေးချယ်ထုတ်ပြန်ခဲ့သည်-

၁။ ၂၀၀၈ ပေကျင်းအိုလံပစ်တွင် ရွှေတံဆိပ်ရှစ်ဆု ဆွတ်ခူးခဲ့သော အမေရိကန် ရေကူးအားကစားသမား မိုက်ကယ်ဖဲလ်အား ဆေးခြောက်သုံးစွဲမှုဖြင့် သုံးလကြာ ပြိုင်ပွဲများ ယှဉ်ပြိုင်ခြင်းမှ ပိတ်ပင်တားမြစ်လိုက်သည်။

၂။ ဘာစီလိုနာအသင်းသည် မန်ယူကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး တတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ဘာစီလိုနာအသင်းသည် ၂၀၀၉ခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား အပါအဝင် ဆုဖလားခြောက်လုံး ဆွတ်ခူးနိုင်ခဲ့သည်။

၃။ ဆွစ်ဇာလန်တင်းနစ် ကစားသမား ရော်ဂျာဖက်ဒဲယာသည် ပြင်သစ်နိုင်ငံ ရိုလန်ဂါရော့စ်၌ ဂရင်းဆလမ်ဖလား ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမားနေရာကို ပြန်လည် ရယူနိုင်ခဲ့သည်။ ၎င်းသည် ဝင်ဘယ်ဒန်၌ ဖလားဆွတ်ခူးနိုင်ခဲ့လျှင် ၁၅လုံးမြောက် ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးနိုင်မည် ဖြစ်သည်။

၄။ ပေါ်တူဂီဘောလုံးကြယ်ပွင့် စီရိုနယ်ဒိုသည် မန်ယူမှ ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ဖြင့် ပြောင်းရွှေ့ခဲ့ပြီး ခြောက်နှစ်သက်တမ်း စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။

၅။ ကမ္ဘာ့ရေကူးအဖွဲ့ချုပ်က လာမည့် နှစ်မှစပြီး ၂၀၀၉ခုနှစ်အတွင်း ကမ္ဘာ့ ရေကူးစံချိန်တင်ခဲ့သော ရေကူးချန်ပီယံ အားလုံးအား အဆင့်မြင့်နည်းပညာသုံး ရေကူးဝတ်စုံများဖြင့် ယှဉ်ပြိုင်ခြင်းကို တားမြစ်ပိတ်ပင်လိုက်သည်။

၆။ ဂျမေကာ တာတိုအပြေးသမား အူလ်စိန်ဘော့ (**အောက်ပုံ**)သည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲ မီတာ ၁၀၀ နှင့် မီတာ၂၀၀ နှစ်မျိုးစလုံးတွင် ကမ္ဘာ့စံချိန်သစ်များ တင်နိုင်ခဲ့သည်။



ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမားနေရာကို ပြန်လည် ရယူနိုင်ခဲ့သည့် ရော်ဂျာဖက်ဒဲယာ။

၇။ ၂၀၁၆ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့က မက်ဒရစ်၊ တိုကျိုနှင့် ချီကာဂိုတို့ကို ကျော်ဖြတ်ပြီး မဲအများဆုံးဖြင့် ကျင်းပခွင့် ရရှိသွားသည်။

၈။ နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဂျက်ကွက်ရော့ဂျီးအား (၁၂၁)ကြိမ်မြောက် အိုလံပစ်ညီလာခံ ကျင်းပပြီးနောက် ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။

၉။ ၂၀၀၉ခုနှစ်အတွင်း ဥရောပဘောလုံးပြိုင်ပွဲ ၂၀၀ကျော်တို့မှာ လုပ်ပွဲများ ကစားမှုနှင့် ပါဝင်ပတ်သက်နေကြောင်း ဖီဖာက သတင်းထုတ်ပြန်ထားသည်။ ယင်းလုပ်ပွဲများ ကစားရာတွင် ချန်ပီယံလိဂ်ပြိုင်ပွဲများလည်း ပါဝင်နေကြောင်း ထုတ်ပြန်ကြေညာထားသည်။

၁၀။ ကမ္ဘာကျော် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အိမ်ထောင်ရေး အခြေအနေကြောင့် ဂေါက်သီးကစားခြင်းမှ ကာလ ကန့်သတ်ချက်မရှိ အနားယူမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(အင်တာနက်)

ဂေါက်သီး အကျော်အမော် တိုက်ဂါးဝုဒ်။

၂၀၁၆ခုနှစ် အိုလံပစ်အားကစား ပြိုင်ပွဲများ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသဖြင့် ပျော်ရွှင်မြူးထူးနေကြသော ဘရာဇီးနိုင်ငံသူနိုင်ငံသားများ။

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ရီးမားက တိုနီအား စာချုပ်ခေါ်ယူရေးနီးစပ်

ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် ဆက်သွယ်ခဲ့သော ဘိုင်ယန်မြူးနစ်နှင့် အီတလီအသင်းတိုက်စစ်မှူး လူကာတိုနီအား စီးရီးအေအသင်း ရိုးမားက ခေါ်ယူ စာချုပ်ရေး နီးစပ်လာပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ဂူတီအား စာချုပ်ခေါ်ယူနိုင်ရေး မက်ဂ်ဆန်ကြိုးပမ်းနေ

ဘောလ်တန်နည်းပြ ဂါရီမက်ဂ်ဆန်သည် ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမား ဂူတီအား စာချုပ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြသည်။

ပက်ဗလူချင်ကို စပါးမှထွက်ခွာနိုင်ရေး ရက်နက်လမ်းဖွင့်ထား

စပါးနည်းပြ ဟယ်ရီရက်နက်သည် ပက်ဗလူချင်ကိုအား အပြောင်းအရွှေ့ရာသီတွင် အသင်းမှထွက်ခွာနိုင်စေရန် လမ်းဖွင့်ပေးထားပြီး အကယ်၍ ၎င်းအသင်းမှ ထွက်ခွာသွားပါကလည်း ၎င်း၏နေရာတွင် လူစားထိုးရန် လိုအပ်မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

အင်္ဂလန်နံပါတ်တစ် ဂိုးသမားဖြစ်ရေး ဂျိမ်းစ်ကြိုးပမ်းနေ

ပို့စ်မောက် ဂိုးသမား ဒေးဗစ်ဂျိမ်းစ်သည် ကမ္ဘာ့ဖလားတွင် အင်္ဂလန်၏ နံပါတ်တစ်ဂိုးသမား ဖြစ်စေရန် ကြိုးစားနေသူ ၎င်းအနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် စပါးသို့ ပြောင်းရွှေ့ရေးစာရင်းမှ ပယ်ဖျက်ထားသည်ကို ငြင်းပယ်ခဲ့ကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

ခံစစ်မှူးကော်ဒိုဘာအား မန်စီးတီးက ခေါ်ယူရေးနီးစပ်

နည်းပြမော်ရင်ဟိုနှင့် အဆင်မပြေဖြစ်နေသော အသက် ၃၃နှစ်ရှိ အင်တာမီလန် ခံစစ်မှူး အီဗန်ကော်ဒိုဘာအား မန်စီးတီးက စာချုပ်ခေါ်ယူရေး နီးစပ်နေပြီဖြစ်ကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

စပါးမှ အလန်ဟတ်တွန်အား စတုတ်နှင့် ဖူလ်ဟမ် ပစ်မှတ်ထား

စတုတ်စီးတီးနှင့် ဖူလ်ဟမ်အသင်းတို့သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီ၌ စပါးမှ စကော့တလန်ခံစစ်မှူး အလန်ဟတ်တွန်အား ခေါ်ယူရန် ပစ်မှတ်ထားနေကြကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်၌ ဖော်ပြသည်။

ချန်ပီယံလိဂ်ဝင်ခွင့်မရပါက လီဗာပူးမှ တောရက်စ်ထွက်ခွာဖွယ်

လီဗာပူးအသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် ချန်ပီယံလိဂ်တွင်ပါဝင်ဆင်နွှဲခွင့် လက်လွှတ်ဆုံးရှုံးခဲ့ပါက လီဗာပူးမှထွက်ခွာမည်ဟု တိုက်စစ်မှူး တောရက်စ်က ပြောကြားခဲ့ကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်တွင် ဖော်ပြသည်။

တိုက်စစ်မှူးတစ်ဦး အာစင်ဝင်းဂါးခေါ်ယူမည်

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ရာသီတွင် တိုက်စစ်မှူးတစ်ဦးခေါ်ယူရန်စဉ်းစားနေကြောင်း၊ ၎င်းပစ်မှတ်ထားသည့် စာရင်းတွင် ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်သည် ထိပ်ဆုံးမှပါဝင်နေကြောင်း မေးလ်အွန်ဆန်းဒေးသတင်း၌ ဖော်ပြသည်။

မန်ယူနှင့်မန်စီးတီး ခံစစ်မှူးချီလီနီအား အပြိုင်ခေါ်ယူ

မန်ယူအသင်းသည် ဂျူဗင်းတပ်စ်အသင်းမှ ပေါင်၁၂သန်းတန် ခံစစ်မှူးဂျော်ဂျီယို ချီလီနီအား မန်စီးတီးအသင်းနှင့်အပြိုင် ကြိုးပမ်းခေါ်ယူမည်ဖြစ်ကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်သတင်း၌ ဖော်ပြသည်။

ဝီဂန်တောင်ပံကစားသမားအား ဘာမင်ဂမ်ခေါ်ယူမည်

ဘာမင်ဂမ်အသင်းသည် ဝီဂန်မှ နယူးကာဆယ် တောင်ပံကစားသမားဟောင်း ချားလ်စ်အန်ဇော့ဂ်ဘီယာအား ပေါင်ရှစ်သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်သတင်းက ဆိုသည်။

ဘိုင်ယန်မှ ရီဘာရီအား ချယ်လ်ဆီးခေါ်ယူမည်

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီ၌ ဘိုင်ယန်မြူးနစ်မှ ပြင်သစ်တောင်ပံကစားသမား ရီဘာရီအား ဗြိတိသျှစံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်၄၅သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ပီးပဲလ်သတင်း၌ ဖော်ပြသည်။

မာချေဒါအား ဇာရာဂိုဇာက အငှားစာချုပ်ရန်ကြိုးပမ်း

အသက် ၁၈နှစ်ရှိ မန်ယူတိုက်စစ်မှူး မာချေဒါအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် စပိန်အသင်း ရီးရဲဇာရာဂိုဇာက စိတ်ဝင်စားနေကြောင်း နယူးစ်အော့ဖ်သည်ဝေါလ်သတင်း၌ ဖော်ပြသည်။

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၅၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ သိမ်ကြီးဈေး မဟာသိမ်တော်ကြီးတွင် ဒီဇင်ဘာ၂၀ရက် (တနင်္ဂနွေနေ့)က ကျင်းပရာ ရှေးဦးစွာ အသက်(၁၀၅)နှစ် အဘိုးဦးဘသင် အပါအဝင် ဘိုးဘွား ၉၁ဦးတို့အား ပူဇော်ပွဲအတွက် အလှူငွေများ ကြိုတင်ပေးလှူကြသည့် ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဂုဏ်ထူးဆောင် နာယက ဦးသိန်းဖေတို့အား ဂုဏ်ပြုလွှာများပေးအပ်သည်။ ဆက်လက်၍ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မသင်းသီရိစိုး၊ မဖြူနှင်းနိုင်၊ မလှဲ့ရည်မွန်အောင်နှင့် ငါးဘာသာဂုဏ်ထူးရှင် မဇင်သန္တာဝင်း၊ မထက်ထက်ထွန်း၊ မပွင့်ဖူးဝင်းလွင်၊ မမြတ်ဆုဇင်တို့အားလည်းကောင်း၊ ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရ ကြူကြူသင်း၊ ပခုက္ကူဦးအုံးဖေနှင့် စာပေဗိမာန်စာမူဆုရ မောင်ခြိမ့်၊ စာပေဗိမာန်စာမူဆုရ လူလေး-မြစ်ဝကျွန်းပေါ်တို့အားလည်းကောင်း၊ ၂၀၀၉ခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဦးသက်ဆွေ၊ မခင်မြင့်မြတ်မောင်၊ မခင်ပြည့်စုံအောင်၊ မခင်ပိုးပန်းချီတို့အားလည်းကောင်း အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အံ့ကျော်(ငြိမ်း)နှင့် အမှုဆောင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် အသင်းစည်းမျဉ်း ပြင်ဆင်ချက်နှင့် (၅၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားအတည်ပြုကြသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

အထက(၂)မြိတ်မြို့ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မြိတ် ဒီဇင်ဘာ ၂၈

တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း တနင်္သာရီခန်းမ၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ၁၀ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဦးမောင်လှ ဖုန်း-၀၉-၅၁၀၃၄၉၃၊ ဦးရဲဆွေ ဖုန်း-၀၁-၅၁၈၄၃၀၊ ဦးသွင်စိန် ဖုန်း-၀၅၉-၄၁၄၂၅၊ ဒေါ်သိန်းသိန်းငွေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၉-၄၁၇၈၈၊ ဦးတင်ငယ်(ခ) ဦးတင်မိုး ဖုန်း-၀၅၉-၄၁၁၂၇နှင့် ဦးထွန်းဦး ဖုန်း-၀၅၉-၄၂၁၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၂၈ရက်က အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းပြုပြင်ရန် ငွေကျပ် ခြောက်သောင်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၃)

နတ်တလင်းမြို့နယ် ကျောင်းကြီးကျေးရွာ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၃ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ပညာတံခွန်စာကြည့်တိုက် ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒီဇင်ဘာ ၂၄ရက် မွန်းလွဲ ၁ နာရီက ၃/ရန်ပြေရပ်ကွက် ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက စာမတတ်သူ ပပျောက်ရေးအတွက် စာတတ်သူများ စာဖတ်နိုင်ရန် စည်းရုံးရေးအကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သန်းသန်းဌေးက ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးပွားရေးကိုလည်းကောင်း ဆွေးနွေးပြောကြားကြပြီး ရပ်ကွက်စာကြည့်တိုက် ဥက္ကဋ္ဌ ဦးသန်းဇော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

ထို့နောက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးပွားရေး အလုပ်ရုံဆွေးနွေးပွဲသို့ မြို့မိမြို့ဖများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးနှင့် တာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ပြည်သူများ စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

(၁၁၆)

စာဆိုတော်နေ့ အထိမ်းအမှတ် မရမ်းကုန်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၅ရက် ညခုနစ်နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မြိုင်ဟေဝန်ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံမှပေးပို့သော ၁၃၇၁ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး (မြေလတ်-ထင်ကျော်မိုး)က ဖတ်ကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး (မောင်ကျေးဇူး)တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ဟောပြောပွဲကျင်းပရာ စာရေးဆရာ မောင်စိုးထိုက် (သုံးဆယ်)က စကားလက်ဆောင် စာလက်ဆောင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မနှင်းဖွေးက ဝတ္ထုတိုဆိုတာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဦးခင်ဇော် (မရမ်းကုန်း) **(အောက်ပုံ)**က ရွှေပန်းကန်ပေါ်ကျတဲ့မျက်ရည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ညိုမှိုင်း(သန်လျင်)က ဒေါ်မျိုးချစ်နဲ့ ဆုံတွေ့သောထူးဆန်းတဲ့ည ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများ ဟောပြောခဲ့ကြကြောင်းနှင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်ညတွင် မရမ်းကုန်း(၆)ရပ်ကွက် အားကစားကွင်း၌ စာပေဟောပြောပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(၁၁၁)**

အထက(၃) တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက(၃) တောင်ဥက္ကလာပ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ၂ရက် (စနေနေ့) နံနက် ၉နာရီတွင် မြတ်မွန်ရတနာခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ပွဲသို့ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီးဆရာမကြီးများနှင့် မည်သည့်စာသင်နှစ်မှမဆို ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်၊ နေရပ်လိပ်စာပြောင်းသွားသည့် ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ယဉ်ကြည်ငွေ (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၅၆၅၇၉၈၊ ဒေါက်တာအောင်ငွေ ဖုန်း-၀၉-၅၁၂၇၀၂၉၊ ဗိုလ်မှူးမောင်မောင်အေး ဖုန်း-၀၉-၅၁၀၈၀၉၈၊ ၅၆၀၇၈၅၊ ဦးသန်းလှိုင် ဖုန်း-၅၆၆၉၆၉၊ ဒေါ်ငြိမ်းငြိမ်း ဖုန်း-၅၇၀၄၈၀၊ ဒေါ်အေးအေးသန်း ဖုန်း-၀၉-၅၁၀၉၉၃၆၊ ဦးစိန်တိုး ဖုန်း-၅၇၁၅၈၀၊ ဦးမောင်အုန်း ဖုန်း-၂၁၄၆၃၀၊၂၁၄၆၃၁နှင့် ဒေါ်ဥမ္မာအေး ဖုန်း-၅၆၄၄၈၈၊ ၀၉-၉၉၇၀၀၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကွင်းဆင်းစစ်ဆေး

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော သံဘိုကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း (ညောင်သုံးပင်)၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၆ရက် က ကျင်းပရာ တတိယတန်း(က)တွင် ပထမဆုရရှိသော မောင်သုတဆန်းအား သန်လျင်မြို့နယ် ပညာရေးမှူးဦးမြင့်သိန်းက ဆုချီးမြှင့်စဉ်။ (ပညာရေး)

အောင်မင်္ဂလာအဝေးပြေးစခန်း၌ ယာဉ်နှင့်လမ်းစည်းကမ်းဟောပြော

ရန်ကုန် ဒီဇင်ဘာ ၂၈

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးစခန်း အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဟန်-၂ က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဆွေးနွေးဟောပြောသည်။

ဆောင်ရွက်

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းဌာန၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့် ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၈၅ဦးတက်ရောက်ကြသည်။

စစ်ဆေး

ဆွေးနွေးပွဲအပြီးတွင် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် အောင်မင်္ဂလာအဝေးပြေးဝင်းမှ ထွက်ခွာသော ခရီးသည်တင်ယာဉ်ကြီးများ ယာဉ်ကြံ့ခိုင်မှုရှိ မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ မရှိ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်းရှိ မရှိတို့ကို စစ်ဆေးကြသည်။ **(ယာပုံ)**

(ခရိုင် ကညန)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၉ရက်က အဆိုပါကျောင်းခန်းမဆောင်၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက သူငယ်တန်းမှစတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ကျော်မောင်မောင်ချမ်းမြေ့အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အလိမ်မှာ စာမှာရှိ

ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေး

ဝိုင်းမော် ဒီဇင်ဘာ ၂၂

ဝိုင်းမော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှကြီးမှူးပြီး ဝိုင်းမော်မြို့အထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀နာရီက ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်မှ ဒေါက်တာစိုးသိန်း (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာအက်စ်ယိန်းခေါတို့က ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား A(H1N1)နှင့် H5N1 ရောဂါများဆက်နွယ်မှု အခြေအနေများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ရေတာရှည်၌ ဒီဇင်ဘာဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲ

ရေတာရှည် ဒီဇင်ဘာ ၂၄

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် ဒီဇင်ဘာ ဒုတိယပတ်စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက်၅နာရီက ကျင်းပသည်။

ရှေ့ဦးစွာ စုရပ်ဖြစ်သော ရန်ကုန်-မန္တလေးကားလမ်း ကရင်ချောင်းလမ်းဆုံမှစတင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များဦးဆောင်က မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အထက၊ အလကကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုပေါင်းအင်အား ၁၅၀၀ကျော်တို့သည် ရေတာရှည်မြို့၏တောင်ဘက် ရွှေပြည်ကုန်းကျေးရွာအထိ သုံးမိုင်ခရီးကို တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ***(အောက်ပုံ)***

ထို့နောက် နံနက် ၆နာရီတွင် မြို့မအားကစားကွင်း၌ မြို့နယ်အားကစားမှူးနှင့်အဖွဲ့က ကျောင်းသားကျောင်းသူ ၄၅၀တို့အား ကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)၊ (၂)လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ကြသည်။ ***(မြို့နယ် အား/ကာ)***

အကြိမ် (၄၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ကြပ်လှဖေ **(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် အကြိမ်(၄၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

မီးဘေးကြိုတင်ကာကွယ်ရေး ကြို့ပင်ကောက်၌ သရုပ်ပြဟောပြော

ကြို့ပင်ကောက် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် အမှတ်(၆၃)သစ်စက်တွင် ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီက စက်ရုံမှူး ဦးသိန်းဝင်းနှင့်ဝန်ထမ်းများ၊ စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းရုံးမှ ဒုတိယတပ်ရင်းမှူး ဦးဇော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စက်ရုံ၊ အလုပ်ရုံ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် သရုပ်ပြလေ့ကျင့်မှုများ ပူးပေါင်း၍ လက်တွေ့လေ့ကျင့်ကြသည်။ **(အောက်ပုံ)**ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးချစ်ကိုဝင်းက စက်ရုံအတွင်းစစ်ဆေးကာ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ (၁၈၀)

ပေါင်းတည်၌ အခွန်အရပ်ရပ် ပညာပေးဆွေးနွေး

ပေါင်းတည် ဒီဇင်ဘာ ၂၆

ပြည်တွင်းအခွန်များဦးစီးဌာန ပေါင်းတည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကောက်ခံနေသော အခွန်အရပ်ရပ်နှင့်စပ်လျဉ်းပြီး ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက် ၁၀နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး**(အောက်ဝဲပုံ)** မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်မောင်သန်းက ကုန်သွယ်လုပ်ငန်းခွန် ဥပဒေစည်းမျဉ်းပါ အချက်အလက်များ၊ အခွန်နှုန်းထားများနှင့် လိုက်နာဆောင်ရွက်ရန် အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က ချမှတ်ထားသော ဥပဒေစည်းမျဉ်းများအပေါ် လိုက်နာရေး မှာကြားဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းသည်။ (ဝဇ၁)

ရန်ကုန်မြို့ လှိုင်မြို့နယ် ဟောဂီကျောင်းလမ်းနေ ဇနီးဒေါ်ခင်ရီနှင့်သားသမီး၊မြေးတစ်စုတို့က ခင်ပွန်းသည် သမိုင်းပါမောက္ခ ဒေါက်တာ ဦးသန်းထွန်း(၄)နှစ်ပြည့်အားရည်စူး၍ ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြို့နယ်သတင်းပဒေသာ

စလောင်းနှင့်မတည်ငွေများပေးအပ်ပွဲ မိုင်းကိုင်၌ကျင်းပ

မိုင်းကိုင် ဒီဇင်ဘာ ၂၀

လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော DTH စလောင်းနှင့် ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော် မတည်ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော DTHစလောင်း သုံးစုံကို ဆင်/ရှေ့ ကျေးရွာအုပ်စုဝမ်မိုင်စာကြည့်တိုက်၊ ပန်ကေတုကျေးရွာအုပ်စု ပညာ့ဗိမာန်စာကြည့်တိုက်၊ ဆင်/မြောက် ကျေးရွာအုပ်စု လွယ်လိုင်စာကြည့်တိုက်များ၏ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက ဆင်/မြောက် ကျေးရွာအုပ်စု လွယ်မော်စာကြည့်တိုက် ဆောက်လုပ်ရန်အတွက် နိုင်ငံတော်မတည်ငွေကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကာလိန်ထံပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ

ဖေဖေဒေါက်တာဦးတင်ဆွေ (ဆေးရုံအုပ်ကြီး ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့) နှင့် **မေမေ ဒေါ်ဝင်းဝင်း** တို့၏ ၂၉-၁၂-၂၀၀၉ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာမှသည် နှစ်ပေါင်းများစွာတိုင် ချစ်သောသားများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်-

သားကြီး - ဒေါက်တာကျော်သူဆွေ

သားငယ် - မောင်ပြည့်ဖြိုးဆွေ

(Final Part I ,M.B.,B.S)

International Diploma in Computer Studies
International Advanced Diploma in Computer Studies
IDCS ... NCC Education ... NCC Education ...
B.Sc (Hons) Business IT, The University of Greenwich
IADCS ... ABE/ACP Advanced Diploma ... The University of Greenwich ...
Enroll Now!!
MCC

FAME
Wound Healer®
အနာကျက်ဆေးလိမ်းဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified

ပဋ္ဌာန်းပစ္စယ နိဒ္ဒေသသင်တန်း

အဘိဓမ္မာအခြေခံရှိပြီးသူများအတွက် ပဋ္ဌာန်းပစ္စယ နိဒ္ဒေသသင်တန်းကို ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးဘဒ္ဒန္တကုမာရ(အဂ္ဂမဟာပဏ္ဍိတ)၏ဩဝါဒဖြင့် ကျောင်းတိုက်အတွင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူဓမ္မမိတ်ဆွေများ တက်ရောက်နိုင်ပါသည်။

သင်တန်းစမည့်ရက်	-	၂-၁-၂၀၁၀ရက်(စနေနေ့)
သင်တန်းချိန်	-	မွန်းလွဲ ၁း၀၀ နာရီမှ ၂း၃၀ နာရီအထိ
သင်တန်းတည်နေရာ	-	သုံးထပ်ဆောင်
သင်တန်းကာလ	-	၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၊၃၊၉၊၁၀၊၁၆၊၁၇၊ ၂၃၊၂၄(ပေါင်းရှစ်ရက်)

အဘိဓမ္မာသင်တန်းကြီးကြပ်ရေးအဖွဲ့
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှူနေရပ်ကွက် အမှတ်(ကံဘဲ့)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇/၈၂)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အသီးသီးတို့ကို တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဌေးလွင် ၁၂/မရက(နိုင်)၁၁၈၉၃၈ထံမှနေ၍ ကျွန်ုပ်၏ မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန်အတွက် ကမ်းလှမ်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တရားဝင်ရောင်းချမည့်ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ အမွေစားအမွေခံများအပါအဝင် အကျိုးခံစားခွင့် အသီးသီးရှိသူတို့သည် ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ ခိုင်မာသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ အပြီးတိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-
(စိန်ဂျုန်း)ခင်မောင်သန်း-၆၀၅၁
LL.B
(DBL, DML, DIL, DA, Psy)
အမှတ် ၁၁၃၊ (၅+၆)လွှာ(ဝဲ)၊ ၅၂လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၇၀၀၆၅၄။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ် ၂၈၀

ဒေါ်ယဉ်ယဉ်မြ (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်လှိုင်) အမှတ်၁၈(စီ)သုခဝတီလမ်း၊ (၆)ရပ်ကွက် ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ **တရားလို**	**နှင့်**	ဒေါ်ခင်စန်းမြင့် အမှတ် ၁၂၀/၂၊ ၉လမ်း ၁၄/၁ရပ်ကွက်၊ မြင်သာ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ **တရားပြိုင်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ၊ ၁၄/၁ရပ်ကွက်၊ ၉လမ်း၊ အမှတ် ၁၂၀/၂နေ တရားပြိုင်ဒေါ်ခင်စန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်ယဉ်ယဉ်မြက ပဋိညာဉ်နှင့်အညီ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၀ခုနှစ် ဇန်နဝါရီလ ၂၈ရက် (၁၃၇၁ခုနှစ် တပို့တွဲလဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွေး တ/၁၆၈၅
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

Woody Business Group
အရောင်းတင်လုပ်ငန်း

ကန့်ကွက်နိုင်ပါသည်

သဃ်န်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာ တိုက်၆၊ အခန်း ၄၀၂သည် လက်ရှိ ဦးတင်လှိုင် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်သည်။ ဦးတင်လှိုင်ထံမှ ဝယ်ယူထားကြောင်း စာချုပ်စာတမ်းများတင်ပြ၍ဒေါ်မြမြဝင်းက တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းဌာနခွဲသို့ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပေါက်တောမြို့တွင် စုပေါင်းဆင်နွှဲ

ပေါက်တော ဒီဇင်ဘာ ၂၀

၂၀၀၉ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ပေါက်တောမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၃ရက် နံနက်၅နာရီခွဲက မြို့နယ်အား/ကာဦးစီးဌာနမှဦးဆောင်၍ ပေါက်တောမြို့ သာသနာ့ဗိမာန်တော်ရှေ့မှ စတင်ကာ နတ်တောင်ပြင်ကျေးရွာအထိ စုပေါင်းလမ်းလျှောက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဌာနမှဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲကြပြီး နတ်တောင်ပြင် ကျေးရွာအားကစားကွင်း၌ စုပေါင်းကိုယ်လက်လှုပ်ရှား ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ရေဦးမြို့ အထက(၁) အာစရိယပူဇော်

ရေဦး ဒီဇင်ဘာ ၂၅

ရေဦးမြို့ အထက(၁) ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အထက(၁) ကံ့ကော်ဆောင် ခန်းမ၌ ဒီဇင်ဘာ ၆ရက် နံနက် ၁၀နာရီက ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေနှင့် ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်း (ဦးစီးအရာရှိ၊ သ/မငြိမ်း)တို့က ပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီး ၁၃၃ဦးတို့အား ပူဇော်ကန်တော့ကြသည်။ ထို့နောက်ကန်တော့ခံ ဆရာ ဆရာမကြီးများ ကိုယ်စား ဆရာ ဆရာမကြီး သုံးဦးတို့က ဩဝါဒစကားများ ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁၀) အခြေခံပညာအလယ်တန်းကျောင်း (အထက-၂) ကျောင်းခွဲ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မောင်အောင်ခန့်မော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်စမ်းက ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(ပညာရေး)

ပညာရည်ချွန် ဆုချီးမြှင့်

သန်လျင်မြို့ အမက ကျိုက်အင်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ပထမတန်းတွင်ပထမဆုရရှိသော မဆုသီရိဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

❖ သဒ္ဒါမြတ်လေး လွတ်လပ်ရေး
အသက်ပေးလို့ရယ် ဒို့ကာကွယ်

ပန်းတောင်း သန်းကြွယ်၏
ဆောင်းပါး စာ-၆၊ ၇

❖ ကူးလူးယှက်နွယ်၊ ကွန်ရက်သဖွယ်၊ ပြည်သူ့အကျိုး၊
သယ်ပိုးကြိုးစား မြန်မာ့မီးရထား

အောင် (သရေခေတ္တရာ)၏ သတင်းဆောင်းပါး စာ-၁၊ ၈၊ ၉၊ ၁၀

❖ လက်ရည်တစ်ပြင် ချစ်ကြည်စွာ
အကျိုးဆက်ကြမည်

ဦးအောင်မွန်-မဟာဝိဇ္ဇာ၏ ကဗျာ စာ-၇

❖ ကျားငစဉ်းလဲကို သတိထား

ရဲမင်းထက်၏ ကာတွန်း စာ-၇

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် ညအပူချိန်များ ၂၈-၁၂-၂၀၀၉

ဟားခါးမြို့	-၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	-၃	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၀	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၀	ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့	၂	ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၂	ဒီဂရီစင်တီဂရိတ်
မချမ်းဘောမြို့	၃	ဒီဂရီစင်တီဂရိတ်
ကသာမြို့	၃	ဒီဂရီစင်တီဂရိတ်
ရွှေဘိုမြို့	၃	ဒီဂရီစင်တီဂရိတ်